EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၂) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( နိုဝင်ဘာ ၁၉ ၊ ၂၀၁၈ )

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၅

ဒုတိယအကြိမ်မြောက် ကချင်အမျိုးသားရေး မူဝါဒဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၈ ရက် မှ ၁၃ ရက်အထိ လိုင်ဇာမြို့ရှိ မနောကွင်း ခန်းမဆောင်တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်တွင်းပြည်ပမှ ကချင်လူထုအခြေပြု အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုစုပေါင်း အယောက် ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ကချင်မြေယာမူဝါဒနှင့် ကချင်သဘာဝသယံဇာတဆိုင်ရာ မူဝါဒနှစ်ခုကို အတည်ပြုဆုံးဖြတ်နိုင်ခဲ့ကြသည်ဟု ဆွေးနွေးပွဲတက်ရောက်ခဲ့သူ တရားလွှတ်တော်ရှေ့နေ ဦးအယ်လ်လအောင်က ပြောသည်။

စာ - ၃ သို့ »



ဒုတိယအကြိမ်ကျင်းပသည့် ကချင်လူထုဆွေးနွေးပွဲတွင် မူဝါဒနှစ်ခု အတည်ပြုဆုံးဖြတ်နိုင်ခဲ့

ဓာတ်ပုံ - နော်ဆိုင်း

## ကချင်ပါတီများ ပေါင်းစည်းရာတွင် KNC ပါတီ ပါဝင်တော့မည်မဟုတ်

စာ - ၂ သို့ »

## တရုတ်နိုင်ငံသားနှစ်ဦး သတ်ဖြတ်မှုဖြင့် မြန်မာနိုင်ငံသား နှစ်ဦးကို သေဒဏ်ပေး

စာ - ၉ သို့ »

## ယခုနှစ်အတွင်း ၂၁ ရာစု ပင်လုံအစည်းအဝေး နောက်တစ်ကြိမ်ကျင်းပရန် မသေချာသေးဟုဆို

စာ - ၅ သို့ »

## မြန်မာစာဖြင့် အညွှန်းမရေးသည့် ကုန်စည်ထုတ်လုပ်သူများကို စားသုံးသူ အကာအကွယ်ပေးရေးဥပဒေဖြင့် အရေးယူမည်

စာ - ၄ သို့ »


## တိုင်းရင်းသားများ ကန့်ကွက်နေသည့်ကြားက ပြင်ဆင်လိုက်သည့် မြေလွတ်၊ မြေရိုင်းဥပဒေ

စာ - ၁၂ သို့ »





" လူနည်းစုတိုင်းရင်းသား နိုင်ငံရေးပါတီများ ဖောင်းပွမှုကြောင့် ပြည်သူလူထု၏ ဆန္ဒမဲသည် ထပ်ကွဲရပြန်၍ အခြေအနေကို ပိုပြီးဆိုးရွားစေသည် "

စာ - ၆ သို့ »



မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( နိုဝင်ဘာ ၁၉ ၊ ၂၀၁၈ )

# ကချင်ပါတီများ ပေါင်းစည်းရာတွင် KNC ပါတီ ပါဝင်တော့မည်မဟုတ်



မြစ်ကြီးနား၊ နိုဝင်ဘာ ၁၅

ကချင်ပါတီများ ပေါင်းစည်းရေးဆောင်ရွက်ရာတွင် ကချင်အမျိုးသားကွန်ကရက်ပါတီ (KNC) မပါဝင်တော့ဘဲ ကျန်ပါတီသုံးခုသာ ပူးပေါင်းသွားမည်ဟု ပါတီဥက္ကဋ္ဌတစ်ဦးထံမှ သိရသည်။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ(KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP) နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (မနောတိုင်ပါတီ)တို့က ၎င်းတို့၏ ပါတီများဖျက်သိမ်းကာ ပေါင်းစည်းမည်ဖြစ်ပြီး သက်တမ်းရင့်ပါတီတစ်ခုဖြစ်သည့် KNC မှာ ပါတီဖျက်သိမ်းရန် အခက်အခဲရှိသဖြင့် မပါဝင်တော့ခြင်းဖြစ်သည်ဟု ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာထံမှ သိရသည်။

လက်ရှိတွင် ပါတီဟောင်းများကို ဖျက်သိမ်းကာ သဘောတူ ပေါင်းစည်းထားသည့်ပါတီအသစ်ကို ကချင်ပြည်နယ်ပါတီ (Kachin State Party)ဟု အမည်ပေးထားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်ထားကြောင်း သိရသည်။

"ပါတီအသစ် မှတ်ပုံတင်ရတဲ့အခါမှာ ဖျက်သိမ်းခံသွားမယ်။ အဓိကပေါင်းစည်းရေးကို လုပ်ဆောင်သွားမှာက ဒီပါတီ ၃ ခုဖြစ်တယ်။ နဂိုကပါတီ ၄ ခုနဲ့ စလာတာဖြစ်တယ်။ နောက်ဆုံးတော့ ၃ ခုပဲဖြစ်သွားတာပေါ့။ လူထုကို ချပြပြီးသားဖြစ်တယ်"ဟု ၎င်းကရှင်းပြပြောဆိုသည်။

အောက်တိုဘာ ၂၁ ရက်နေ့က ပြည်သူ့ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် လူထုကိုယ်စားလှယ်အဖွဲ့ ၁၇ ဦးကော်မတီမှ ရှင်းလင်းချက်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

"အစက ၄ ပါတီ ပေါင်းစည်းပါမယ်ဆိုတဲ့ MoU ထိုးတာတော့ဟုတ်ပါပြီ။ ဒါပေမဲ့ နောက်ပိုင်းမှာ KNC အနေနဲ့ကတော့ ပါတီအနေနဲ့မပေါင်းနိုင်ဘူး။ ပါတီမဖျက်သိမ်းချင်ဘူးပေါ့လေ။ ဒါကြောင့် ပါတီမဖျက်သိမ်းဘဲနဲ့ ပါတီကလူတွေအချို့က ထွက်ပြီးတော့မှ အခုပေါင်းစည်းပြီးဖွဲ့ထားတဲ့ ကချင်ပြည်နယ်ပါတီမှာ ပါဝင်သွားမယ်ဆိုတဲ့ KNC ရဲ့ နောက်ဆုံးသဘောထားကို ချပြသွားတယ်။ ဒါက အတည်ဖြစ်သွားတယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ကချင်အမျိုးသားကွန်ကရက်ပါတီ (KNC) ပါတီ ဥက္ကဋ္ဌ၊ ဒေါက်တာ M ကောန်လကမူ ၎င်းတို့ KNC သည် ၁၉၉၀ ရွေးကောက်ပွဲကာလကတည်းက အများပြည်သူက ဖွဲ့စည်းထားသည့် သက်တမ်းရင့်ပါတီတစ်ခုဖြစ်သဖြင့် ပါတီဖျက်သိမ်းရန် ခက်ခဲနေသော်လည်း ယင်းပါတီမှ ပါတီဝင်အချို့က နုတ်ထွက်ပြီး ပါတီသစ်တွင် အားဖြည့်ဆောင်ရွက်သွားမည်ဟု ပြောသည်။

"ပါတီအနေနဲ့တော့ မပါဘူး။ ဒါပေမဲ့ ကေအန်စီထဲက လူတချို့ကပါဝင်ပြီး လုပ်ဆောင်မယ်၊ ကေအန်စီအနေနဲ့ပဲ ပူးပေါင်းပါဝင်မှာ။ ပါတီကဘာလို့ မပါလဲဆိုတော့ ဖျက်သိမ်းလို့ မရလို့။ ပါတီဖျက်ပိုင်ခွင့်က ကျွန်တော်တို့မှာ လုပ်ပိုင်ခွင့်မရှိဘူး။ နဂိုကတည်းက Public က ထူထောင်ထားတော့ Public က သဘောမတူတဲ့ လူတွေအများကြီးပဲလေ၊ သူတို့ကို ဆန့်ကျင်ပြီး ကျွန်တော်တို့က အတင်းဖျက်တယ်လုပ်ရင် ကိုယ့်ပါတီမှမဟုတ်တာ၊ ကိုယ့်ပိုက်ဆံနဲ့ ထောင်ထားတာမဟုတ်ဘူး. . . ပြဿနာက ဒါပဲ။ ကျန်တဲ့ဟာတွေက သူ့ဟာသူ လုပ်ထားတဲ့ဟာတွေဆိုတော့ ပြဿနာမရှိဘူး"ဟု ဒေါက်တာ M ကောန်လက ပြောသည်။

ကချင်နိုင်ငံရေး ပါတီများသည် ကချင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားများ၏ ဆန္ဒအတိုင်း ပေါင်းစည်းနိုင်ရေးအတွက် လွန်ခဲ့သည့် ၅ နှစ်ကျော်ခန့်ကတည်းက ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြပြီး ပါတီသုံးခုပေါင်းစည်းရေးအစီအစဉ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

Salai

# ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူလူငယ် ညီလာခံကို မြစ်ကြီးနားမြို့တွင် ကျင်းပမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၈

လာမည့် ဒီဇင်ဘာလတွင် ပထမအကြိမ် မြန်မာနိုင်ငံလီဆူလူငယ်ညီလာခံကို မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်ရှိ လီဆူစာပေနှင့် ယဉ်ကျေးမှုကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖူရီလီမီ ထံမှ သိရသည်။

"ကျွန်တော်တို့ ဒီ မြန်မာပြည်မှာရှိတဲ့ ကျွန်တော်တို့ လီဆူလူငယ်တွေကို အရင်တုန်းကတော့ ညီလာခံလုပ်ပေးတာတို့ဘာတို့ တစ်ခါမှ မလုပ်ပေးဖြစ်ဘူးလေ။ အဲ့ဒီတော့ ဒီနှစ်မှာတော့ ဘာပဲဖြစ်ဖြစ်ပေါ့နော် တစ်နိုင်ငံလုံးမှာရှိတဲ့လီဆူလူငယ်တွေစုစုစည်းစည်းနဲ့ပေါ့လေ. . ကျွန်တော်တို့ ဒီမှာညီလာခံလုပ်ပေးဖို့ အစီအစဉ်တစ်ခုရှိတာပေါ့" ဟု ၎င်းက ပြောသည်။

ထိုညီလာခံကို မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ဦးစီးကျင်းပသွားမည်ဖြစ်ကာ အဆိုပါညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ယနေ့လူငယ်များသည် အနာဂါတ်၏ ခေါင်းဆောင်ဖြစ်လာမည့်သူများဖြစ်သည့်အတွက် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ဘာသာရေး၊ စာပေနှင့်ယဉ်ကျေးမှု၊ အနုပညာစသည့် ဘက်စုံကဏ္ဍများတွင် ခက်ခဲမှုမရှိ နေရာယူတတ်စေရန်ဖြစ်ကြောင်း ဦးအားဖူက ပြောသည်။

"လူငယ်တွေဆိုတာ တစ်ချိန်ကျရင် လူကြီးတွေရဲ့နေရာကို ယူမယ့်သူတွေ ဖြစ်တဲ့အတွက် အခုကတည်းက ကျွန်တော်တို့ လူငယ်တွေကို ပြုစုပျိုးထောင်ပေးရမယ်။ မပြုစုဘဲ လက်မတွဲဘဲနဲ့ ထားမယ်ဆိုလို့ရှိရင် တစ်ချိန်ချိန်ကျရင် သူတို့နေရာယူတဲ့အခါမှာ အခက်အခဲတွေဖြစ်မယ်။ အဲဒါတွေကို ကျွန်တော်တို့က အခုကတည်းကနေ ပြင်ဆင်ပေးတဲ့အပိုင်းပါပဲ"ဟုလည်း ဆိုသည်။

ယင်းညီလာခံကို ဒီဇင်ဘာလ ၁၂ ရက်မှ ၁၄ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သာမက တစ်ကမ္ဘာလုံးတွင် ရောက်ရှိနေသည့် လီဆူလူငယ်များကို ဖိတ်ခေါ်ပြီး ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အနုပညာ၊ စာပေနှင့်ယဉ်ကျေးမှု စသည့် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ဖိတ်ကြားသင့် ဖိတ်ကြားထိုက်သော ဆရာများအား ဖိတ်ခေါ်ပြီး ဟောပြောသင်ကြားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်

POWER FIVE STAR COMPANY LIMITED

လူကြီးမင်းတို့၏ လုပ်ငန်းအမှန်တကယ် ပြီးစီးပြည့်စုံဖို့ Power Five Star Co;ltd နှင့်လက်တွဲကြပါစို့ ...

ကွန်ကရစ်တိုင်နှင့် ကွန်ကရစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရေး လုပ်ငန်းစက်ရုံ – လုံဂါဖွပ်ကျေးရွာ၊ အာလမ်ကျေးရွာအုပ်စု



ပါဝါဖိုက်စတား Co;Ltd မှ 9m,10m,12m,15m ရှိကွန်ကရစ်တိုင် ဆိုဒ်စုံ၊ 1m,20cm,30cm,60cm, 80cm ရှိကွန်ကရစ်ပိုက်များနှင့် ကွန်ကရစ်ပစ္စည်းအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။



ပါဝါဖိုက်စတား Co;Ltd မှ Roof Decking Sheet, Floor Decking Sheet များနှင့် အိမ်မိုးသွပ်၊ ကာလာသွပ် များကို လူကြီးမင်းတို့စိတ်တိုင်းကျ လိုအပ်သောပုံစံများအတိုင်း ဆိုဒ်စုံ ဖိနှိပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆင့်မြင့်ထပ်နိမ့်၊ ထပ်မြင့် အဆောက်အဦးများ၊ သံထည်အဆောက်အဦး၊ သံဒိုင်းအမျိုးမျိုး ဆိုင်းဘုတ် ဖရိန်စာလုံးများကို လက်ခံပြုလုပ်ပေးနေပါသည်။

- အရေအသွေးပြည့်ဝသောဝန်ဆောင်မှု
- သင့်သင့်သောဈေးနှုန်း
- အဆင့်မြင့်နည်းပညာ
- အပ်နှံသူစိတ်တိုင်းကျ အိမ်ခန်း/ဧည့်ခန်း အလှဆင်ခြင်းများကိုတာဝန်ယူဆောင်ရွက်ပေးနေပါသည်။

**Civil အင်ဂျင်နီယာ** ကျား (၆) ဦး၊ မ (၂) ဦး အလိုရှိသည်။
Design ရေးဆွဲခြင်း နှင့် Estimate တွက်ချက်ကျွမ်းကျင်၊ အတွေ့အကြုံရှိသူကိုဦးစားပေးပါမည်။
**ရုံးဝန်ထမ်း** ကျား (၅) ဦးအလိုရှိသည်။
Computer နှင့် စာရင်းဇယားများကိုကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရမည်။

အမှတ် (၈၈)၊ နောင်ရာနယ်မြေ၊ စီတာပူတံတားအနီး၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့
ဖုန်း - ၀၉ - ၂၅၉၀၇၇၀၃၁၊ ၀၉ - ၂၅၇၁၈၈၇၈၈၊ ၀၉ - ၇၇၁၆၆၆၅၉၉၊ ၀၇၄ - ၂၅၂၁၉၈၉၊
Fax : 074-2520222 Email: powerfivestarstar@gmail.com

# ဒုတိယအကြိမ်ကျင်းပသည့် ကချင်လူထုဆွေးနွေးပွဲတွင် မူဝါဒနှစ်ခု အတည်ပြုဆုံးဖြတ်နိုင်ခဲ့




မြစ်ကြီးနား၊ နိုဝင်ဘာ ၁၅

ဒုတိယအကြိမ်မြောက် ကချင်အမျိုးသားရေး မူဝါဒဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၈ ရက်မှ ၁၃ ရက်အထိ လိုင်ဇာမြို့ရှိ မနောကွင်း ခန်းမဆောင်တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်တွင်းပြည်ပမှ ကချင်လူထုအခြေပြု အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများစုစုပေါင်း အယောက် ၅၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ကချင်မြေယာမူဝါဒနှင့် ကချင်သဘာဝသယံဇာတဆိုင်ရာ မူဝါဒနှစ်ခုကို အတည်ပြုဆုံးဖြတ်နိုင်ခဲ့ကြသည်ဟု ဆွေးနွေးပွဲတက်ရောက်ခဲ့သူ တရားလွှတ်တော်ရှေ့နေ ဦးအယ်လ်လအောင်က ပြောသည်။

ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပိတ်ဆို့ခက်ခဲစေသော အကြောင်းအရာများ၊ စစ်ရှောင်ပြည်သူများနှင့် ပတ်သက်၍ ကချင်လူထု၏ အမြင်သဘောထားများကို စုစည်းခဲ့ကြသည်ဟု လူထုတွေ့ဆုံဆွေးနွေးပွဲ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

"ငြိမ်းချမ်းရေး ဖြစ်စဉ်နဲ့ ပတ်သက်ပြီး စုတော့စုစည်းတယ်။ အတည်တော့ မပြုနိုင်ခဲ့ကြဘူး။ တပ်မတော်တစ်ခုတည်းဖြစ်ရေး နောက်တစ်ချက်က ခွဲမထွက်ရေး စတဲ့ ခက်ခဲတဲ့အရာတွေကိုလည်း ဆွေးနွေးကြပါတယ် လူထုရဲ့ ဆွေးနွေးမှုတွေလည်း ရပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့ ထုတ်ပြန်ကြေညာတာတော့မရှိဘူး၊ ပြန်ပြီး စိစစ်ရဦးမယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးအယ်လ်လအောင်က ပြောသည်။

ကေအိုင်အိုအဖွဲ့မှ ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြပြီး ၎င်းတို့က လက်ရှိ ငြိမ်းချမ်းရေးလမ်းစဉ် အခက်အခဲတွင် လူထု၏ သဘောထားများ လိုလားနေကြောင်း ပြောဆိုခဲ့ကြသည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောပြခဲ့သည်။

"ကေအိုင်အိုကလည်း ငြိမ်းချမ်းရေးမှာ အခက်အခဲရှိတယ်လို့ပြောတယ်။ အဓိက'က တော့ လူထုရဲ့အသံကို ပိုပြီးတော့ လိုချင်တဲ့သဘောရှိပါတယ်။ ကေအိုင်အို ကတော့ တစ်ဆို့နေတဲ့ဟာတွေကို ဘယ်လိုကျော်လွှားနိုင်မလဲ၊ အမှန်ကတော့ ခေါင်းခဲနေတာပေါ့။ ၂၀၀၈ မှာလည်း တပ်မတော်မှ ၆ ချက်ကလည်း ဘယ်လိုမှ ရှေ့ဆက်တိုးလို့ မရဘူး။ အဲ့လို ပိတ်ထားတဲ့အခါကျတော့ငြိမ်းချမ်းရေးတော့ အရမ်းလိုချင်တယ်၊ ဒါပေမယ့် အခက်အခဲတွေကို ဘယ်လိုကျော်လွှားလို့ ရမလဲဆိုတာကို သူတို့က လူထုတွေဆီ ကပိုပြီးတော့ တောင်းခံချင်တဲ့သဘော ရှိပါတယ်"ဟု ဦးအယ်လအောင် က ပြောဆိုသည်။

အဆိုပါလူထုတွေ့ဆုံဆွေးနွေးပွဲတွင် ယခုကဲ့သို့ အနယ်နယ်အရပ်မှ ပြည်သူများ တွေ့ဆုံဆွေးနွေးခဲ့သည့်အတွက် အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်းနှင့် ကေအိုင်အိုအဖွဲ့မှလည်း ၎င်းတို့၏လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး လူထုကိုချပြခြင်း၊ လူထု၏ သဘောထားများရရှိခြင်း၊ အချင်းချင်းမျက်နှာချင်းဆိုင်တွေ့ဆုံကာ တင်ပြ၊ ဆွေးနွေးခြင်းဟူသည့် အလားအလာကောင်းများကို တွေ့ရှိခဲ့ကြောင်း ဦးအယ်လအောင်က သုံးသပ်ပြောဆိုသည်။

"ဒီလို ဆွေးနွေးပွဲကနေမှ အကျိုးအမြတ်ကအများကြီးရတယ်လို့ မြင်တယ်။ ကေအိုင်အိုဆိုတာကလည်း လူထုရဲ့အကျိုးအတွက်လုပ်နေတဲ့ လူတွေပဲလေ၊ သူတို့ချည်းပဲ စဉ်းစားနေလို့မရဘူး။ လူထုကို ချပြရမယ့် တာဝန်ရှိတယ်ဆိုတော့ အရပ်ပေါင်းစုံကနေ အခုလို လာရောက်ခဲ့ခြင်းဟာ အခက်အခဲကို လူထုရဲ့ပခုံးမှာ တင်ပေးတဲ့သဘောပဲ၊အားလုံး ဝိုင်းစဉ်းစားသင့်တယ်။ ဒီပြဿနာတွေကို အဖွဲ့အစည်းတစ်ခုကပဲ စဉ်းစားတာမဟုတ်ဘဲနဲ့ ကချင်လူထုအားလုံး ဆိုတာထက် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မှာရှိတဲ့ ဒေသက လူအားလုံးရဲ့ အကျိုးအတွက် အားလုံးက ဝိုင်းစဉ်းစားသင့်တယ်ဆိုတဲ့ဟာကို အဖြေရတယ်။ နယ်ပေါင်းစုံက ကိုယ်စားလှယ်တွေ ရောက်လာတော့ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ အားတော့ရကြတာပေါ့ဗျာ။ ဒီလို စည်းစည်းလုံးလုံးဝိုင်းဖြေရှင်းမယ်ဆိုရင် ပြည်နယ်ရဲ့ အခက်အခဲတွေ ပြေလည်လာနိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်တစ်ခုတော့ ရလာခဲ့တာပေါ့"ဟု ၎င်းကပြောသည်။

ထို့အပြင် ယင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် အခြားတိုင်းရင်းသား ညီနောင်များနှင့်အတူ ပူးပေါင်းသွားကြရန်လည်း သဘောတူဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

တတိယအကြိမ် ကချင်အမျိုးသားရေးမူဝါဒဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲကို နောက်၆လအကြာတွင်ထပ်မံကျင်းပနိုင်ရန် စီစဉ်သွားမည်ဟုလည်း သိရသည်။

Salai









မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊
ဂျာစင်မိုင်(Ann)၊
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၀)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဝေခါချောင်းအတွင်း မြေစာစွန့်ပစ်လမ်း ဖောက်လုပ်ခြင်းကြောင့် မိုးရာသီတိုင်း ရေကြီး ရေလျှံဖြစ်နေ

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၂

ဖားကန့်မြို့နယ်၊ ဆိပ်မူ ကျေးရွာအုပ်စုမှ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ တချို့က ဝေခါချောင်းအတွင်း မြေစာများ စွန့်ပစ်နေခြင်းကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှု ဒဏ်ကို နှစ်စဉ်ခံနေရကြောင်း ဒေသခံများက ပြောသည်။

မြေစာစွန့်ပစ်ရာတွင် ရွာသူရွာသားများနှင့် တိုင်ပင်ခြင်းမရှိဘဲ မြေစာသွန်ကားများအတွက်လမ်းဖောက်စဉ်ကတည်းက ချောင်းအတွင်းသို့ မြေစာများစွန့်ပစ်ခဲ့ကြောင်း ဝေခါချောင်းရှင်းလင်းရေး လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အမည်မဖော်လိုသူ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

"ဒီချောင်းက သူတို့လုပ်ချင်သလို လုပ်နေကြတာပါ။ ကုမ္ပဏီဆိုတာ အကုန်လုံးကို ပိုင်တယ်လေ။ မပစ်ဖို့ တားရင် တားတဲ့သူရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခိုင်းတယ်။ ကျွန်တော်တို့လည်း သူတို့လုပ်ချင်တာလုပ်ပါစေ မပြောတော့ဘူး"ဟု အထက်ပါ ရပ်မိရပ်ဖက ပြောသည်။



*ဝေခါချောင်းအတွင်းသို့ မြေစာပစ်လမ်းဖောက်လုပ်နေစဉ်*

*ဓာတ်ပုံ - ဇော်မိုးထက် (ဖားကန့်)*

ယင်းသို့ စွန့်ပစ်နေမှုအပေါ် သက်ဆိုင်ရာများအနေဖြင့် ခွင့်ပြုထားခြင်း မရှိကြောင်း၊ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် ပြုလုပ်၍ရကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

"ဒီကိစ္စက ကျွန်တော်တို့ အနေနဲ့ ခွင့်ပြုထားတာ မဟုတ်သလို စည်ပင်ကလည်း ခွင့်ပြုထားတာ မဟုတ်ပါဘူး။ ဖားကန့်၊ လုံးခင်း ရတနာနယ်မြေ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီဆိုတာ ရှိပါတယ်။ ဒီအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်"ဟု ဦးကျော်စွာအောင်က ရှင်းပြသည်။

အထက်ပါအတိုင်း မြေစာပစ်လမ်း ဖောက်လုပ်နေမှုကို စိမ်းအောင်၊ ယွန်းရွှေရည်၊ နယူးလပ်ကီး စသည့် ကျောက်မျက် တူးဖော်ရေးကုမ္ပဏီများမှ ပြုလုပ်နေခြင်းဖြစ်ပြီး မြေစာသွန်နေသည်မှာ ၃ နှစ်ရှိပြီဖြစ်ကာ ဥပဒေနှင့်အညီ ခွင့်ပြုထားသည်ဆိုသော်လည်း ကုမ္ပဏီ များက လုပ်ငန်းပြီးဆုံးချိန်တွင် စနစ်တကျ ပြန်လည်ရှင်းလင်းဖယ်ရှားပေးခြင်း မရှိကြောင်းလည်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ယင်းသို့ ဆောင်ရွက်နေခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ သတ္တုတွင်းဥပဒေ၊ မြစ်ချောင်းအင်းအိုင်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေများကို ချိုးဖောက်ရာရောက်ပြီး ဥပဒေကို ကျော်လွန်လုပ်ကိုင်နေခြင်း ဖြစ်သည်ဟု ဥပဒေပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

စည်သူ(မြစ်ကြီးနား)
ဇော်မိုးထက် (ဖားကန့်)

# လီဆူဝန်ကြီးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည့် ဖားကန့်အခြေအနေများကို ပြည်ထောင်စုအဆင့်သို့တင်ပြမည်



မြစ်ကြီးနား၊ နိုဝင်ဘာ ၁၅

လီဆူတိုင်းရင်းသား ရေးရာဝန်ကြီးဦးအားတီယောဟန် ဦးဆောင်သောအဖွဲ့သည် ဖားကန့်ဒေသ ကျောက်စိမ်းလုပ်ကွက်များကို တစ်ပတ်ကျော်ခန့်ကြာအောင် စစ်ဆေးခဲ့ပြီး စစ်ဆေးမှုမှတွေ့ရှိချက်များကို ပြည်ထောင်စုအဆင့်သို့ ပြန်လည်တင်ပြ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ နိုဝင်ဘာလ ၁၀ ရက်မှစတင် စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့ကာ အနာဂတ်ကာလတွင် ဖားကန့်ဒေသ အခြေအနေများကို ပူးပေါင်းထိန်းသိမ်းသွားရန် ပြောကြားခဲ့သည်ဟု ဝန်ကြီးဦးအားတီယောဟန်က ပြောသည်။

"လုပ်ငန်းရှင်တွေမှာ ဘယ်လိုအခက်အခဲတွေ ရှိနေသလဲ။ ပြည်သူတွေဘက်မှာလည်း ဘယ်လိုအခက်အခဲတွေ ရှိနေလဲပေါ့။ ကျွန်တော်တို့ အစိုးရကရော ဘာတွေကူညီဆောင်ရွက်ပေးနိုင်မလဲ။ ဒါတွေ သိဖို့ပါ"ဟု ဝန်ကြီး ဦးအားတီယောဟန်က ဆက်လက်ပြောသည်။

ထို့အပြင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများက အစိုးရတရားဝင်ရပ်နားထားသည့် လုပ်ကွက်များကို ခေါင်းပေါင်းကျင်းခြင်း၊ မြေစာပစ်လမ်းများ ဖောက်လုပ်နေခြင်းများကြောင့် နိုင်ငံတော်၏ သယံဇာတများ လေလွင့်မှုမရှိစေရန်နှင့် လုပ်ငန်းခွင့် အန္တရာယ် မကျရောက်စေရန် အတွက်လည်း ပြုလုပ်သွားမည်ဖြစ်ကာ ဖားကန့်ဒေသ ရောက် ရေမဆေးကျောက် ရှာဖွေသူများကို ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်ခွင့်ရအောင် မြေပြင်အခြေအနေများကို လေ့လာခဲ့သည်ဟုလည်းဝန်ကြီးကထပ်မံပြောဆိုသည်။

ထိုစစ်ဆေးမှုကို ပြည်နယ်သယံဇာတနှင့် ဘဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်လည်း ဆက်လက်ပူးပေါင်း စစ်ဆေးနေကြောင်း သိရပြီး ယခုအစိုးရသစ် တက်လာသည့်နောက်ပိုင်းတွင် ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင်များကို ထပ်မံသက်တမ်းတိုးပေးခဲ့ခြင်းမရှိဘဲ ရပ်နားခဲ့သော်လည်း သက်တမ်းကုန်လုပ်ကွက် များတွင် ဝင်ရောက်တူးဖော်လျက် ရှိနေကြောင်း ဒေသခံများ၏ အဆိုအရ သိရသည်။

ယင်းသို့ တရားမဝင်တူးဖော်လုပ်ကိုင်နေမှုများကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အာဏာပိုင်များအနေဖြင့် ယနေ့အချိန်ထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးကြောင်းလည်း ဒေသခံများက ပြောသည်။

စည်သူ(မြစ်ကြီးနား)
ဇော်မိုးထက် (ဖားကန့်)

# ယခုနှစ်အတွင်း ၂၁ ရာစု ပင်လုံအစည်းအဝေး နောက်တစ်ကြိမ်ကျင်းပရန် မသေချာသေးဟုဆို

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၆

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ အစည်းအဝေးကို ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်တစ်ကြိမ် ထပ်မံ ကျင်းပရန် ထုတ်ပြန်ထားသော်လည်း လက်ရှိငြိမ်းချမ်းရေး အခြေအနေအရ ကျင်းပရန် မသေချာသေးကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) နိုင်ငံရေးပါတီများအဖွဲ့ဝင် ဒေါက်တာတူးဂျာကပြောသည်။




၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး ဇူလိုင်လ ၁၆ ရက်နေ့က သဘောထားထုတ်ပြန်ချက်တွင် အစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း နှစ်ကြိမ် ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန် ထုတ်ပြန်ခဲ့သည်။

ယင်းအပေါ် ဒေါက်တာတူးဂျာက “မသေချာသေးဘူး။ ထုတ်ပြန်ထားတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ နောက်ပိုင်း အခြေအနေက အမျိုးမျိုး ပြောင်းလဲလာတယ်။ ကျွန်တော်တို့လည်း စိုးရိမ်နေတယ်။ ဒီဇင်ဘာလဆန်းပိုင်းမှာပေါ့။ သူတို့ NRPC က ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တွေ ချင်းမိုင်မှာ တွေ့ကြဦးမယ်။ အဲ့ဒီမှာ သူတို့ ဘယ်လိုဆွေးနွေးမလဲ၊ အဆင်ပြေမလား၊ အဲ့ဒီအပေါ်မှာ မူတည်တယ်။ သတ်မှတ်ထားတာကတော့ ဒီဇင်ဘာကုန်ပိုင်းမှာ တစ်ခါပေါ့။ ညီလာခံကျင်းပဖို့က. . .။ ဒါပေမဲ့ လောလောဆယ် အခြေအနေအရဆိုရင်တော့ သိပ်မသေချာသေးဘူးဖြစ်နေတယ်”ဟု ပြောသည်။

လက်ရှိ ငြိမ်းချမ်းရေးလမ်းစဉ်တွင် ကချင်အမျိုးသားအစည်းအရုံးမှလည်း လတ်တလောကျင်းပပြုလုပ်မည့် တရားဝင် အစည်းအဝေးများ တက်ရောက်ပါဝင်မှုကို ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်ထားသည်။

“KNU က ရပ်နားထားတယ်။ တရားဝင်တွေ့ဆုံ ဆွေးနွေးပွဲတွေမှာ ရပ်နားထားတယ်ဆိုတဲ့အခါကျတော့ဘယ်လောက် ကြာကြာရပ်နားထားမလဲပေါ့။ တခြားကျန်တဲ့အဖွဲ့တွေနဲ့ လုပ်လို့ရမလား မရဘူးလား။ ကောင်းမလား။ မကောင်းဘူးလား။ ဒါတွေ သုံးသပ်ကြည့်ရမှာပေါ့။ RCSS ကလည်း အတူတူပါ။ KNU နဲ့ RCSS နှစ်ဖွဲ့ ရှိနေတာပေါ့။ သူတို့ပါဝင်လာဖို့ ဆန္ဒရှိတယ်ဆိုရင်တော့ လုပ်လို့ရတာပေါ့။ အခုလိုပဲ တင်းမာနေမယ်ဆိုရင်တော့ နည်းနည်းတော့ခက်လိမ့်မယ်ထင်တယ်”ဟု ဒေါက်တာ တူးဂျာက ပြောသည်။

တတိယအကြိမ် ၂၁ ရာစု ပင်လုံအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ နေပြည်တော်တွင်ကျင်းပခဲ့ပြီး ယင်းညီလာခံကြီးတွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း၂ အဖြစ် နိုင်ငံရေးကဏ္ဍတွင် အခြေခံမူ လေးချက်၊ စီးပွားရေးကဏ္ဍတွင် တစ်ချက်၊ လူမှုရေးကဏ္ဍတွင် ၇ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍတွင် နှစ်ချက် စုစုပေါင်း ၁၄ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင်မူ ကဏ္ဍလေးခုမှ အချက်ပေါင်း ၃၇ ချက် သဘောတူခဲ့ပြီး တတိယညီလာခံတွင် ၁၄ ချက်သဘောတူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက်ကို ထည့်သွင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

Salai

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

နယ်စည်းမထားဆရာဝန်များအဖွဲ့မှ မြစ်ကြီးနားမြို့နယ်တွင် အောက်ဖော်ပြပါ
မော်တော်ယာဉ်များကို ချိတ်ပိတ်တင်ဒါဖြင့် ရောင်းချရန် ရှိပါသည်။

1. Toyota Hilux Surf, 1997 Model, White, 1KZ-0438565, 21*,***km
2. Toyota Hilux Surf, 1997 Model, White, 1KZ-0435801, 18*,***km
3. Toyota Hilux Surf, 1997 Model, Gray, 1KZ-0306793, 23*,***km
4. Toyota Hilux Surf, 1997 Model, Blue, 1KZ-0544719, 21*,***km

**တင်ဒါပိတ်ရက်– ၂၇၊ ၁၁၊ ၂၀၁၈။**
ချိတ်ပိတ်တင်ဒါ ပုံစံ၊ စည်းကမ်း၊ ကားအချက်အလက် ထုတ်ယူရမည့်နေ့ရက်
**၁၉-၁၁-၁၈ မှ ၂၀-၁၁-၁၈ အတွင်း**
အောက်ပါလိပ်စာတွင် ထုတ်နိုင်ပြီး၊ အသေးစိတ်စုံစမ်းလိုပါက
အောက်ပါ ဖုန်းနံပါတ်များ၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁။ အမှတ် ၁၉၁၊ စည်ပင်သာယာလမ်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၉၇၉၃၈၀၇၂၆၆၊၀၇၄–၂၅၂၁၉၃၁
၂။ အမှတ် ၅ / ၅၉၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ယာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၅၅၁၂၆၄၊ ၀၁ ၈၅၅၀၈၂၀ များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# Editorial
## အယ်ဒီတာ့အာဘော်

### ကချင်ပြည်နယ်မှာ လယ်သမားရှားတဲ့ခေတ်နဲ့ ဥပဒေသစ်

ကချင်ပြည်နယ်မှာ ခါကာဘိုရာဇီ၊ ဟူးကောင်းချိုင့်ဝှမ်း၊ အင်ခိုင်ဘွမ်၊ အင်းတော်ကြီး စတဲ့ဒေသတွေက သစ်တောကြိုးဝိုင်းတွေနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနေတာကြောင့် တောင်ယာနဲ့အသားကျနေတဲ့ တိုင်းရင်းသားပြည်သူတွေ တို့ထိလို့မရတဲ့ သစ်တောဧရိယာဟာ တစ်စတစ်စ ကျယ်ပြောလာနေပါတယ်။

တိုင်းရင်းသားဒေသများမှာရှိတဲ့ နယ်မြေတွေကို ထိန်းသိမ်းတဲ့အနေနဲ့ အမျိုးသားဥယျာဉ်ဆိုတာတစ်မျိုး၊ ကာကွယ်တောဆိုတာတစ်ဖုံ ပြုလုပ်လာရာကနေ အခုအခါမှာ တိုင်းရင်းသားတို့ ဓလေ့ထုံးစံအတိုင်း နှစ်ရှည်လများ လုပ်ကိုင်ခဲ့တဲ့ လယ်ယာမြေတွေကို မှတ်ပုံတင်ဖို့ဆိုပြီး ဥပဒေသစ်တစ်ခုကို ပြဋ္ဌာန်းလိုက်တဲ့အတွက်မြန်မာနိုင်ငံအတွင်းက လူမှုအဖွဲ့အစည်းတွေက ဝိုင်းဝန်းထောပနာပြုနေကြပါတယ်။

ဒီဥပဒေက သစ်တောတွေကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သန်းပေါင်းများစွာသော တိုင်းရင်းသား ပြည်သူတွေ မြေမဲ့ယာမဲ့ဘဝ ရောက်အောင် တွန်းပို့နိုင်ပြီး မြေယာပိုင်ဆိုင်မှုအခွင့်အရေးတွေကို လက်လွတ်ဆုံးရှုံးစေမယ့် ဥပဒေဖြစ်တယ်လို့ မှတ်ချက်ပြု ပြောဆိုနေကြပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေတစ်ရပ်ကို စက်တင်ဘာလထဲမှာ အတည်ပြုပြဋ္ဌာန်းလိုက်ပြီး ခြောက်လအတွင်း လယ်ယာမြေပိုင်ဆိုင်ကြောင်း အထောက်အထားမရှိတဲ့သူတွေအတွက် မှတ်ပုံတင်ပြုလုပ်ဖို့ အောက်တိုဘာလမှာ ထပ်ဆင့်နိုးဆော်ထားတာပဲဖြစ်ပါတယ်။

ဒီမတိုင်ခင် ၂၀၁၆ က အမျိုးသားမြေအသုံးချမှု မူဝါဒမှာ လက်ရှိမြေအသုံးချမှုအပေါ် အတိအကျ အသေအချာ ဖြေလျှော့မထားဘဲ လူမျိုးစုတွေရဲ့ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးတွေနဲ့ ဒေသဆိုင်ရာ ရိုးရာမြေ စီမံအုပ်ချုပ်မှု အလေ့အထတွေကို ဆန့်ကျင်တဲ့ ပြဋ္ဌာန်းချက် အသစ်တစ်ရပ် ဖြစ်နေတာက ဥပဒေသစ်ရဲ့ ထောက်ကွက်တစ်ခုပါ။ ဒီဥပဒေက တိုင်းရင်းသားတွေရဲ့ မြေယာပိုင်ဆိုင်မှု၊ လက်ဆင့်ကမ်း လွှဲပြောင်းမှုတွေအတွက် အဆင်ပြေစေဖို့ ဖန်တီးထားသလိုရှိပေမယ့် တကယ်မြေပြင်နဲ့ မနီးစပ်တဲ့ ဥပဒေလည်း ဖြစ်နေတယ်လို့ဆိုရမှာပါ။

တစ်နိုင်ငံလုံးက အဖွဲ့အစည်းတွေရော တိုင်းရင်းသားတွေကပါ သူတို့ရဲ့ ဓလေ့ထုံးတမ်း မြေယာအသုံးချမှုတွေကို အသိအမှတ်ပြုထားသလိုလိုနဲ့ မြေယာတွေကို ဆုံးရှုံးအောင် ဖန်တီးနေတဲ့ ဥပဒေသစ်တစ်ခုလို့ အမြင်ရှိကြပါတယ်။

တိုင်းရင်းသားတွေ လိုချင်သလို ကောင်းမွန်တဲ့ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုနဲ့ အသုံးချမှု မူဝါဒတွေကို သူတို့ကိုယ်တိုင် ပါဝင် ရေးဆွဲခွင့်ပေးပြီး၊ အခွင့်အရေးပေးတဲ့မူဝါဒတွေမဟုတ်ဘဲ အခွင့်အရေး ပေးထားသယောင်ယောင်ရှိတဲ့ မူတွေကိုတောင် ဖုံးလွှမ်းပြီး အသစ်ပြဋ္ဌာန်းတာရဲ့ နောက်ဆက်တွဲက တိုင်းပြည်နဲ့ တိုင်းရင်းသားတွေအတွက် ကောင်းကျိုးများဖို့ မသေချာသလောက်ပါပဲ။

ဒေသခံတိုင်းရင်းသားတွေမှာလည်း အနှစ်နှစ်အလလက ပြုစုပျိုးထောင်ထားတဲ့ ခြံတွေကို လက်နက်ကိုင် အဖွဲ့တချို့က သိမ်းယူနေတာတွေလည်း ရှိနေတော့ သူတို့တွေအတွက် စိုက်ပျိုးမြေက အခက်တွေ့စေတာ အမှန်ပါ။ နောက်ပြီး ကချင်ပြည်နယ်မှာဆိုရင် ဝိုင်းမော်၊ မြစ်ကြီးနားဒေသတွေက တရုတ်ငှက်ပျောခြံတွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းခွင်ကို နားထားရတဲ့ တောင်သူဦးရေက မူလအရေအတွက်ရဲ့ တစ်ဝက်လောက်ရှိနေပါတယ်။

နဂိုကတည်းက တရုတ်စိုက်ပျိုးရေး လုပ်ငန်းရှင်တွေရဲ့ ချယ်လှယ်မှုကြောင့် စိုက်ပျိုးမြေတွေကို ကိုယ်တိုင် မစိုက်ပျိုးကြရတော့တဲ့အထဲ ကြာလာရင် တောင်သူဆိုတာ အရုပ်ရေးပြီး ကြည့်ရမယ့်ကိန်း ဆိုက်လာပါလိမ့်မယ် လို့ဆိုရမှာပါ။

စိုက်ပျိုးရေးကို အခြေခံလုပ်ကိုင်နေရတဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်ဒေသက တောင်သူတွေသာ လယ်ယာလုပ်ငန်းခွင်တွေကို စွန့်လွှတ်လိုက်ကြမယ်ဆိုရင် ကုန်ဈေးနှုန်းကို မထိန်းချုပ်နိုင်တဲ့ မြန်မာအစိုးရအောက်က ပြည်သူတွေဟာ ဆန်ရေစပါးနဲ့ဟင်းသီးဟင်းရွက်တွေကိုတရုတ်နိုင်ငံကပြန်လည်ဝယ်ယူစားသုံးကြရတော့မှာ ဧကန်မုချ ဖြစ်လာပါလိမ့်မယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# လူနည်းစု တိုင်းရင်းသားနိုင်ငံရေးပါတီများ ရွေးကောက်ပွဲနိုင်သော်လည်း ဥပဒေပြုအာဏာ ဆုံးရှုံးနေရ

**ယော်ဘောမ် မန်ရှန်**



နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီကြီးဖြစ်များသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်အသီးသီးတို့တွင်အများစု အနိုင်ရခဲ့ကြသည်။ ဌာနေတိုင်းရင်းသားပါတီများသည် မျှော်မှန်းထားခဲ့သလောက်အောင်မြင်မှု မရခဲ့ကြသည်ကို တွေ့ရသည်။ ဘောလုံးဝေါဟာရဖြင့် ပြောရလျှင် မိမိအိမ်ကွင်းတွင် အရှုံးနှင့် ရင်ဆိုင်ရသည့်အတွက် ပို၍ ခံစားရ၊ ခံပြင်းကြမည်မှာ အမှန်ပင်။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို မပြင်နိုင်သရွေ့ လက်ရှိမြန်မာ့နိုင်ငံရေးတွင် လူနည်းစု တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲအောင်မြင်ပြီး လွှတ်တော်သို့ ရောက်သွားသည့်တိုင် ဥပဒေပြုရေးတွင် ဩဇာအာဏာ ဆက်လက်ဆုံးရှုံးနေမည် ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ရွေးကောက်ပွဲတွင်အနိုင်ရသော်လည်း မိမိတို့၏ တိုင်းရင်းသားပြည်သူများအတွက် (သို့မဟုတ်) မဲဆန္ဒနယ်များ အကျိုးအတွက် ထိရောက်သော ဥပဒေတွေကို ပြဋ္ဌာန်းပြီး အကျိုးပြုနိုင်မည် မဟုတ်ပါ။

ဤသို့ဖြစ်ရခြင်းမှာ (၁) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ (၂)တိုင်းဒေသကြီးခုနှစ်ခုနှင့် ပြည်နယ် ခုနှစ်ခု အရေအတွက် တူညီနေခြင်းကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များတွင် ဗမာတိုင်းရင်းသား ကိုယ်စားလှယ် ဦးရေက ပိုများနေခြင်း နှင့် (၃) ဗမာ တိုင်းရင်းသားများသည် လူများစုဖြစ်သည့် အလျောက် ဌာနေတိုင်းရင်းသား ပြည်နယ်များသို့လည်း အလုံးအရင်းဖြင့်ရောက် အခြေချနေထိုင်လာခြင်းကြောင့် ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစု တိုင်းရင်းသားများအတွက် အကျိုးနည်းစေနိုင်သည့် ပုဒ်မများစွာပါရှိသည်။ ၎င်းတို့အနက် ပုဒ်မနှစ်ခုကို အခြေခံပြီး ဥပမာအဖြစ် သုံးသပ်တင်ပြလိုသည်။ ဥပဒေပြုရေးအာဏာနှင့် ပတ်သက်ပြီး ဦးစွာကြည့်ရအောင်။ ပုဒ်မ ၉၅ (ခ) တွင် -ဥပဒေ ကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်"ဟု ပါရှိသည်။ ဤသို့ မဲခွဲဆုံးဖြတ်လျှင် လူဦးရေများသော ဗမာတိုင်းရင်းသားများသာလျှင် အမြဲ အနိုင်ရနေမည် ဖြစ်သည်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေကို ထိန်းသိမ်း၊ သုံးစွဲခွင့်နှင့် ပတ်သက်ပြီး ဆက်လက်ကြည့်ရအောင်။ ပုဒ်မ ၁၀၃ (ဂ၊ င၊ စ)အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေကိုလည်း ပြည်ထောင်စု လွှတ်တော်တွင် မဲခွဲဆုံးဖြတ် အတည်ပြုရမည်ဖြစ်သည်။ ထို့ကြောင့် လူဦးရေများသော ဗမာတိုင်းရင်းသားကိုယ်စားလှယ်များသည် အစိုးရဘတ်ဂျက် အသုံးစရိတ်ကိုလည်း ချုပ်ကိုင်နိုင်ခွင့်ရှိနေသည်။ တစ်နည်းအားဖြင့် ပြောရလျှင်လူနည်းစုတိုင်းရင်းသားကိုယ်စားလှယ်များသည် မိမိတို့ မဲဆန္ဒနယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်တောင်းခံရာတွင် ဗမာတိုင်းရင်းသား ကိုယ်စားလှယ်များကို အမြဲတမ်း မှီခိုနေရမည့် အခြေအနေဖြစ်နေသည်။

တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇)ခု အရေအတွက် တူညီနေခြင်းကြောင့် ဗမာတိုင်းရင်းသားများသည် ကိုယ်စားလှယ်အရေအတွက် များခြင်းကြောင့် လွှတ်တော်အားလုံးတွင် အသာရနေသည်။ လွယ်ကူစွာ ဆွေးနွေးတင်ပြရလျှင် တိုင်းဒေသကြီးများတွင်ဗမာတိုင်းရင်းသားများအများစု နေထိုင်ကြသည်၊ ပြည်နယ်များတွင် ဌာနေတိုင်းရင်းသားများ အများဆုံး နေထိုင်ကြသော်လည်း လက်ရှိတွင် ဗမာတိုင်းရင်းသားများလည်း အများအပြား ပြောင်းရွှေ့နေထိုင်လာကြသည်ကိုတွေ့မြင်ရသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းပုံအရ လွှတ်တော် သုံးရပ်ရှိသည်။ ၎င်းတို့မှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ဤလွှတ်တော်နှစ်ရပ် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်တို့ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် စုစုပေါင်း ကိုယ်စားလှယ် ၂၂၄ ဦးရှိသည်။ တပ်မတော်သည် ပုဒ်မ (၁၄၁)အရ ကိုယ်စားလှယ် ၅၄ ဦး (၂၅ ရာခိုင်နှုန်း) ကို ရယူထားသည့်အတွက် ကျန်ကိုယ်စားလှယ် ၁၆၈ ဦးကိုသာ မဲဆန္ဒရှင်များက ရွေးကောက်ခွင့်ရှိသည်။ အဆိုပါ ကိုယ်စားလှယ် ၁၆၈ ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်သည်။ ထို့ကြောင့် အမျိုးသားလွှတ်တော်တွင် ဗမာတိုင်းရင်းသား ကိုယ်စားလှယ်က ၈၄ ဦး (၅၀ ရာခိုင်နှုန်း) နှင့် လူနည်းစုတိုင်းရင်းသား ကိုယ်စားလှယ်က ၈၄ ဦး (၅၀ ရာခိုင်နှုန်း) ဖြစ်သည့်အတွက် အခွင့်အရေးတန်းတူ ဖြစ်နေသယောင်ပင်။

သို့သော် တကယ့်လက်တွေ့တွင် ဗမာတိုင်းရင်းသားများက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ ၅၀ ရာခိုင်နှုန်းထက် ပိုရနေသည်။ စာရေးသူက လက်ရှိ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းကို ဖွင့်ကြည့်ရာ ၁၆၈ ဦးအနက် လူနည်းစု တိုင်းရင်းသားကိုယ်စားလှယ်သည် (၇၁) ဦးသာ ရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် စုစုပေါင်းအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၂၄ ဦး တွင် ဗမာတိုင်းရင်းသားများက ၆၈ ရာခိုင်နှုန်း ရယူထားပြီး ဖြစ်သည်။

ပြည်သူ့ လွှတ်တော်သည် လူဦးရေနှင့်မြို့နယ်ကို အခြေခံပြီး ရွေးကောက်တင်မြှောက်သည့်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့်အတွက် ဗမာတိုင်းရင်းသား ကိုယ်စားလှယ်များက အလိုအလျောက် အသာရနေပြီးဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်စလုံးတွင် ဗမာတိုင်းရင်းသားများက လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်ရာတွင် လူနည်းစုတိုင်းရင်းသားများထက် အမြဲအနိုင်ရနေသည်။

ဌာနေတိုင်းရင်းသားဒေသများသို့ ဗမာတိုင်းရင်းများ အလုံးအရင်းဖြင့် ဝင်ရောက်အခြေချ နေထိုင်ခြင်းသည် လူဦးရေအချိုးအစားကို ပြောင်းလဲစေပြီး ရွေးကောက်ပွဲများတွင် မဲပေးရာ၌ မဲရလဒ်ကို အကြီးအကျယ် ဂယက်ရိုက်ခတ်စေသည်။ ဤအခြေအနေတွင် လူနည်းစု တိုင်းရင်းသားနိုင်ငံရေးပါတီများ ဖောင်းပွမှုကြောင့် လူနည်းစုတိုင်းရင်းသားများ၏ မဲသည် ထပ်ကွဲရပြန်၍ အခြေအနေကို ပိုပြီးဆိုးရွားစေသည်။ "မြန်မာနိုင်ငံသားဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံ၏မည်သည့်နေရာတွင်မဆို လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိသည်ကို အသိအမှတ်ပြုသည်။"

### တိုင်းရင်းသား တန်းတူအခွင့်အရေးအတွက် ပြုပြင်သင့်တဲ့ အရာအချို့

တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေး ရရှိနိုင်ဖို့ဆိုလျှင် အခြေခံကျသော ပြောင်းလဲမှုများစွာ လုပ်ဆောင်ရန် လိုအပ်သည်။ ဗမာတိုင်းရင်းသားများသည် လူများစုဖြစ်၍ ပြည်သူ့လွှတ်တော်တွင် အလိုအလျောက် အနိုင်ရပြီးသား ဖြစ်သည်။ ထို့ကြောင့် လူနည်းစု တိုင်းရင်းသားများသည် အမျိုးသားလွှတ်တော်တွင်အနိုင်ရမှတိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေး ရရှိမည်ဖြစ်သည်။

ဤသို့ အမျိုးသားလွှတ်တော်တွင် လူနည်းစု တိုင်းရင်းသားများ အနိုင်ရဖို့ဆိုလျှင် လူများစု ဗမာတိုင်းရင်းသားများ နေထိုင်ရာ လက်ရှိတိုင်းဒေသကြီး(၇)ခုကို စုပေါင်းပြီး ဗမာပြည်နယ်ကြီးအဖြစ် ပြောင်းလဲသတ်မှတ် ဖွဲ့စည်းရမည်။ ဤသို့ ပြောင်းလဲဖွဲ့စည်းခြင်းအားဖြင့် အမျိုးသားလွှတ်တော်တွင် လူနည်းစု တိုင်းရင်းသားများက အနိုင်ရရှိမည် ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်ကိုဖျက်သိမ်းရမည်။ပြည်ထောင်စု လွှတ်တော်ရှိနေခြင်းသည် အမျိုးသားလွှတ်တော်၏ အခန်းကဏ္ဍကို မှေးမှိန်စေသည်သာမက တိုင်းပြည်၏ ဥပဒေပြုရေးအာဏာကို လူများစု ဗမာတိုင်းရင်းသားများကိုသာ ပုံအောပြီး အပ်နှံထားရာ ရောက်ပါသည်။

အဘယ့်ကြောင့်ဆိုသော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ကြားတွင် သဘောကွဲလွဲသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်၍ လူများစုဖြစ်သည့် ဗမာတိုင်းရင်းသားများသည် အမြဲတမ်း အနိုင်ရမည်သာ ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ လက်ရှိ လွှတ်တော်နှစ်ရပ်စလုံးတွင် ဗမာတိုင်းရင်းသားများက လွှတ်တော်နေရာ အများဆုံးကို ရယူထားခြင်းကြောင့် ဖြစ်သည်။


ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များတွင်လည်း စုစုပေါင်းကိုယ်စားလှယ်နေရာ၏ ၃၃ ရာခိုင်နှုန်းကို တပ်မတော်က ပုဒ်မ ၁၆၁(ဃ)အရ ရယူထားခြင်းကြောင့် လွှတ်တော်တွင်း၌ လူနည်းစုတိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ခွင့်ပို၍ အခွင့်အလမ်း နည်းသွားသည်။

ပြည်ထောင်စုလွှတ်တော်ကို ပယ်ဖျက်ပြီး ဥပဒေကြမ်းများ တင်သွင်းရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးတွင် သီးခြားစီ မဲခွဲဆုံးဖြတ်နိုင်သော အာဏာရှိရမည်။ သို့မှသာ လွှတ်တော်နှစ်ရပ်သည် အပေးအယူပြုလုပ်ပြီး ဆွေးနွေးအတည်ပြုခြင်းဖြင့် ဥပဒေများကို ပြဋ္ဌာန်းနိုင်မည်ဖြစ်ပြီး၊ ဥပဒေများသည်လည်း ပို၍ တရားမျှတမှု ရှိလာနိုင်မည် ဖြစ်သည်။

ဒီမိုကရေစီသည် ယေဘုယျ အားဖြင့် အများနိုင်ဝါဒဖြစ်သောကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသည် တန်းတူအခွင့်အရေးကို ပြဋ္ဌာန်းပေးနိုင်ခြင်း မရှိပါက ကြီးနိုင်ငယ်ညှဉ်းဝါဒအသွင် ပြောင်းသွားစေနိုင်သည်ကို သတိပြုသင့်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသား တန်းတူ အခွင့်အရေး ကင်းမဲ့နေခြင်းကြောင့် ယနေ့တိုင် လက်နက်ကိုင်ပဋိပက္ခ ရှိနေခြင်း ဖြစ်သည်။

ဤသို့ ပြုပြင်ပြောင်းလဲရန် နှောင့်နှေးနေမည်ဆိုပါက လူနည်းစု တိုင်းရင်းသားများသည် လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ရာတွင် အမြဲရှုံးနေမှာ ဖြစ်သည်။ ပြည်နယ်များတွင် ပြုလုပ်မည့် ဗဟိုအစိုးရ၏ စီမံကိန်းများကိုလည်း တားဆီးနိုင်စွမ်းရှိမည် မဟုတ်ပါ။ ထို့ကြောင့်နိုင်ငံရေးပဋိပက္ခ၊တိုင်းရင်းသားများ အချင်းချင်းကြားယုံကြည်မှု ပိုမိုကင်းမဲ့လာပြီး လက်ရှိသွားနေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း တိုးတက်မှု နှေးကွေးနေဦးမည် ဖြစ်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးကို မျှော်ကိုးပြီး သုံးသပ်တင်ပြအပ်ပါသည်။

**ယော်ဘောမ်မန်ရှန်သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ်ရေးသားနေသူတစ်ဦး ဖြစ်သည်။ ၎င်းသည် The Fletcher School, Tufts University, USA မှ Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။**




**တုတ်ထိုး** - အေးချမ်းလာပြီ။ အေးချမ်းလာပြီဗျို့။

**အိုးပေါက်** - အိပ်မက်ယောင်နေတာလား စောစောစီးစီး။ ငြိမ်းချမ်းရေးများ ဒီလိုလွယ်လွယ်နဲ့ ရမယ်ထင်သလား။

**တုတ်ထိုး** - ဘာတွေ လာပြောနေတာတုန်း။ ဆောင်းဝင်လာလို့ အေးချမ်းလာပြီ ပြောတာ။

**အိုးပေါက်** -အပေါ်၊ ကျုပ်က ငြိမ်းချမ်းရေးရပြီလို့ ပြောနေတာထင်တာ။

**တုတ်ထိုး** - ငြိမ်းချမ်းရေးဆိုလို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (Prvlo) နာယက ဗိုလ်ချုပ်မှူးကြီး ခွန်ဥက္ကာ ပြောတဲ့စကားတစ်ခွန်း သဘောကျမိသဗျ။

**အိုးပေါက်** - ဘာပြောတာတုန်း။ အပစ်ရပ်ဖို့ အပြတ်ရစ်ကြမယ်တဲ့လား။

**တုတ်ထိုး** - မဟုတ်ပါဘူးဗျ။ သူပြောတာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာမှာ ပြည်ထောင်စု တစ်ခုလုံးရဲ့အကျိုးစီးပွားနဲ့ ဂုဏ်သိက္ခာကို မကြည့်ဘဲ နယ်မြေတစ်ခု၊ လူမျိုးတစ်ခု၊ အဖွဲ့အစည်းတစ်ရပ်ကို ကြည့်မယ်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကြုံတွေ့နေရတဲ့ အကျပ်အတည်းတွေကို ကျော်ဖြတ်ဖို့ ခက်ခဲမယ်တဲ့ဗျ။

**အိုးပေါက်** - ဒါပေါ့ဗျာ။ နယ်မြေတစ်ခုပိုင်ဆိုင်ဖို့သယံဇာတတွေ ပိုင်ဆိုင်ဖို့၊ လူတစ်စုကောင်းစားရေးအတွက် သွားနေကြရင် ဒါဟာ အတုအယောင်ငြိမ်းချမ်းရေးဗျ။

**တုတ်ထိုး** - အာဃာတတွေ ဖယ်ထားကြရမယ်။ အခုဟာက အင်္ဂလိပ်တိုက်နေတာလည်း မဟုတ်၊ ဂျပန်ကို တိုက်နေတာလည်း မဟုတ်ဘူးဗျာ။ ကိုယ့်အချင်းချင်း တိုက်နေကြတာဗျာ။ ငါတို့တွေဟာ မြန်မာနိုင်ငံသား၊ ငါတို့တွေဟာ တစ်ခရီးတည်းသွားနေကြတဲ့သူတွေလို့ နှလုံးသားထဲမှာ ပိုက်ပြီး စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ သွားကြမှဖြစ်မယ်။ ကချင်လည်း မြန်မာ၊ ရှမ်းလည်းမြန်မာ၊ ရခိုင်လည်း မြန်မာ၊ ဗမာလည်း မြန်မာ၊ ကရင်လည်း မြန်မာ။ အဲ့ဒီလိုငါတို့ဟာ မြန်မာပါလားဆိုတဲ့အသိနဲ့ အိမ်ကြက်ချင်း အိုမည်းသုပ် ခွပ်နေကြတာတွေ ရပ်သင့်ပါပြီ။ ကိုယ့်တိုင်းရင်းသား ကိုယ်ချစ်ရင်း၊ ကိုယ့်အမျိုးအနွယ် ကိုယ်ချစ်ရင်း ညီနောင်သားချင်း စိတ်ဓာတ်တွေနဲ့ သွားနေကြရင်တော့ အရိမေတ္တယျမြတ်စွာဘုရား ပွင့်တော်မူပြီး ပရိနိဗ္ဗာန်စံသွားရင်တောင် ငြိမ်းချမ်းရေးရမှာ မဟုတ်ဘူးဗျ။ ကိုယ့်အမျိုး ကိုယ့်အနွယ်ကို ချစ်ရင်း နိုင်ငံတော်ကို မေ့မသွားကြဖို့လိုတယ်ဗျို့။ မေတ္တာတရားကို နှလုံးသားမှာ တည်ဆောက်ပြီးတဲ့လက်တွေ ခိုင်မြဲနေစေမှ ငြိမ်းချမ်းရေး ရမှာပါပဲ။

**အိုးပေါက်** - အယ့်လယ်။ မင်္ဂလာစကားတွေ ကြားနေရတာ ကိုယ့်နားကိုတောင် ကိုယ်မယုံနိုင်ဘူး။ အခါတိုင်း ဟိုလူ့တုတ်နဲ့လိုက်ထိုး၊ ဒီလူ့ တုတ်နဲ့ လိုက်ထိုးနေတဲ့လူက ငြိမ်းချမ်းရေးတရား ဟောနေလို့ပါလား။

**တုတ်ထိုး** - လူ့စိတ်ဆိုတာ ပြောရခက်တာကလား။ကောင်းတဲ့အခါလည်း ရှိ၊ မကောင်းတဲ့အခါလည်း ရှိပေမပေါ့။

အိုးပေါက် - ဖတ်ဖူးတဲ့စကားလေး သတိရမိတယ်။

**တုတ်ထိုး** - ဆိုစမ်းပါဦးဗျာ။

အိုးပေါက် - တစ်ရက်တော့ တရုတ်တွေးခေါ် ပညာရှင် ကွန်ဖြူးရှပ်ကို သူ့တပည့်ဇီဂေါင်းက မေးတယ်။ 'ဆရာ'တဲ့ တိုင်းပြည်တစ်ခုအတွက် အရေးကြီးတဲ့အရာသုံးခုကို ပြောပါဆိုရင် ဘာတွေကို ပြောမလဲတဲ့။ ဒီတော့ ကွန်ဖြူးရှပ်က ပြန်ပြောတယ်။တိုင်းပြည်တစ်ခုအတွက် အရေးအကြီးဆုံးက စစ်တပ်၊ စားနပ်ရိက္ခာ၊ မျိုးချစ်စိတ်ဓာတ်တဲ့။

**တုတ်ထိုး** - . . . . . ။

**အိုးပေါက်** - အဲ့ဒီအခါ ဇီဂေါင်းက ဆရာရယ်တဲ့။ အချက်သုံးချက်က များပါတယ်။ တကယ်လို့ နှစ်ချက်ပဲ ပြောပါဆိုရင် ဘယ်အချက်ကို ဖြုတ်မလဲတဲ့။ ဒီတော့ ကွန်ဖြူးရှပ်က ပြန်ပြောတယ်။ စစ်တပ်ကို ဖြုတ်မယ်တဲ့။

**တုတ်ထိုး** - စစ်တပ်ကို ဖြုတ်မယ်လို့ ကျုပ်မပြောဘူးနော်။

**အိုးပေါက်** - သိပါတယ်ဗျ။ ကွန်ဖြူးရှပ်ပြောတာ ပြန်ပြောပြနေတာ။ အဲ့ဒီတော့ သူ့တပည့်က ဆရာရယ်တဲ့။ တကယ်လို့ နောက်ထပ် တစ်ချက်ကို ဖြုတ်ပါဆိုရင် ဘယ်အချက်ကိုဖြုတ်မလဲတဲ့။ စားနပ်ရိက္ခာကို ဖြုတ်မယ်တဲ့။

**တုတ်ထိုး** - ငတ်သေကုန်မှာပေါ့။

**အိုးပေါက်** - ဒီတော့ တပည့်ကလည်း ပြန်ပြောတယ်။ စားနပ်ရိက္ခာမရှိချင်နေပါစေ။ မျိုးချစ်စိတ်ဓာတ်ရှိနေရင် သူတို့ဟာ အစာငတ်ခံပြီး သူတို့ရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ သူတို့ရဲ့ တိုင်းပြည်ကို ကာကွယ်ပါလိမ့်မယ်တဲ့။

**တုတ်ထိုး** - ဒါလည်း ဟုတ်တာပဲ။

**အိုးပေါက်** - ဒီတော့ ကိုယ်ကျိုးစီးပွားတွေ မကြည့်ဘဲ ငြိမ်းချမ်းရေး တည်ဆောက်ကြပါတော့ဗျို့။

**တုတ်ထိုး** - စာပေဟောပြောပွဲတစ်ခုမှာ ဆရာချစ်ဦးညို ဟောခဲ့တဲ့ အကြောင်းအရာကို သတိရမိတယ်။ ဆရာဇော်ဂျီ ပြောခဲ့တဲ့ မျိုးချစ်စိတ်ဓာတ်အကြောင်းတွေကို ပြန်ဟောပြောထားတာမှတ်သားစရာကောင်းတယ်။

**အိုးပေါက်** - စိတ်ဝင်စားတယ်ဗျာ။ ပြောစမ်းပါဦး။

**တုတ်ထိုး** - ဆရာဇော်ဂျီက မျိုးချစ်စိတ်ဓာတ် အမျိုးမျိုးကို ခွဲခြားပြခဲ့တယ်။ တစ်ခုက အယောင်ဆောင်မျိုးချစ်စိတ်တဲ့ဗျ။ နောက်ကွယ်မှာ နိုင်ငံရေးအရ သော်လည်းကောင်း၊ ပစ္စည်းဥစ္စာငွေကြေးအရသော်လည်းကောင်း မရိုးမသားရယူလိုမှုတွေ ရှိနေလို့ အမျိုးကိုချစ်သယောင်ယောင် ဘာယောင်ယောင် လုပ်ပြတဲ့ မျိုးချစ်စိတ်။ အဲ့ဒါ အယောင်ဆောင်မျိုးချစ်စိတ်တဲ့ဗျ။

**အိုးပေါက်** - လောကကြီးမှာ ဒီလိုလူတွေ ရှိတယ်ဗျာ။

**တုတ်ထိုး** - နောက်မျိုးချစ်စိတ်ဓာတ်က ကောက်ရိုးမီးမျိုးချစ်စိတ်တဲ့ဗျ။ အရေးအကြောင်း တစ်ခုခုဖြစ်လာတော့မှ ဝေးဝါးထလုပ်၊ လက်သီးလက်မောင်း ထတန်းပြီး ခဏပဲ။ ပြီးရင် ပြီးသွားတတ်တဲ့ မျိုးချစ်စိတ်။ အဲ့ဒါ ကောက်ရိုးမီးဗျို့။

**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - ပြီးတော့ ခါတော်မီ မျိုးချစ်စိတ်။ ရွေးကောက်ပွဲတွေနီးမှ သူတို့ပါတီ ကျုပ်တို့ပါတီဟာ အမျိုးသာသနာအတွက် ဘယ်လိုဆောင်ရွက်ပါတယ်။ ဘာညာဆိုပြီး ပေါ်ပေါ်လာတတ်တဲ့ မျိုးချစ်စိတ်မျိုးပေါ့။

**အိုးပေါက်** - ဒီလိုလူတွေက ပိုများတယ်။

**တုတ်ထိုး** - ပြီးတော့ မျက်ကန်းမျိုးချစ်စိတ်။ အမှားအမှန် မခွဲခြားတတ်ဘူး။ အကျိုးအကြောင်း မသိဘူး။ ငါ့အမျိုးမှ ငါ့အမျိုးပဲ မှန်တယ်။ မတရားတာ တရားတာ မသိဘူး။ ငါ့အမျိုးမှ ငါ့အမျိုးစိတ်ဓာတ်မျိုးပေါ့ဗျာ။

**အိုးပေါက်** - ဒီလို မျက်ကန်းမျိုးချစ်စိတ်တွေက အန္တရာယ်များတယ်။

**တုတ်ထိုး** - ပြီးတော့ ဝံသာနုရက္ခိမျိုးချစ်စိတ်။ အသိပညာနဲ့ ယှဉ်တဲ့ မျိုးချစ်စိတ်ပေါ့။ အဲ့ဒါကသာ တကယ့်အစစ်အမှန် မျိုးချစ်စိတ်တဲ့ဗျာ။

**အိုးပေါက်** - မှတ်သားထိုက်ပါပေတယ်ဗျာ။ ကျုပ်လည်း အင်တာနက်ပေါ်မှာ ဖတ်ဖူးတဲ့ မျိုးချစ်စိတ်နဲ့ မျိုးနှစ်စိတ် ဆိုတာကို မျှဝေပေးချင်တယ်။ပြန်လည် ဝေမျှတာပေါ့ဗျာ။ မှတ်စုကြမ်း Page မှာ ဖတ်ခဲ့ရတာ။

**တုတ်ထိုး** - သာဓုခေါ်ပါတယ်ဗျာ။ မျှဝေစမ်းပါဦး။

**အိုးပေါက်** - ငါ့သား မင်းတော်အောင် ကြိုးစမ်းပါကွာလို့ ပြောတာ မျိုးချစ်စိတ်။ ငါ့သား မင်း ဟိုကောင်ထက်တော်အောင် ကြိုးစမ်းလို့ ပြောတာ မျိုးနှစ်စိတ်။

- ငါ့သား ငါတို့အတွေးအခေါ်တွေ မှားနေပြီလား။ ပြန်သုံးသပ်ရအောင်လို့ ပြောတာ မျိုးချစ်စိတ်။ ငါတို့ အတွေးအခေါ်ကမှ အမှန်ဆုံး ငါ့သားလို့ပြောတာ မျိုးနှစ်စိတ်။

- အတတ်ပညာ အသိပညာတွေကို တိုးတက်အောင် လေ့လာလိုက်စားပြီး အသုံးချပါ ငါ့သားလို့ပြောတာ မျိုးချစ်စိတ်။ အသိအတတ်ဆိုတာ လောကီနယ်ကပါကွာ။ လောကီနယ်ကလွတ်အောင် လုပ်ရမှာကွလို့ပြောတာ မျိုးနှစ်စိတ်။

- ငါ့သား ဘယ်သူ၊ ဘယ်ဘာသာရဲ့ အဆုံးအမပဲဖြစ်ဖြစ် ငါ့သားရဲ့ ကိုယ်ရည်ကိုယ်သွေးအတွက် ကျင့်သုံးလိုက်နာအသုံးချပါလို့ပြောတာ မျိုးချစ်စိတ်။ ငါတို့အယူဝါဒကမှ ပိုကောင်းတယ် ငါ့သား။ အခြားအရာတွေက မိစ္ဆာဒိဋ္ဌိအယူဝါဒတွေလို့ပြောတာ မျိုးနှစ်စိတ်။

- ငါ့သား. . . လူဆိုတာ အစုအပေါင်းနဲ့ နေကြတာ။ ငါ့သားရဲ့ လုပ်ဆောင်မှုတွေက ပတ်ဝန်းကျင်ကို ကောင်းကျိုးဆိုးကျိုး ဖြစ်စေတယ်သားလို့ ပြောတာ မျိုးချစ်စိတ်။ ကိုယ့်ထမင်းကိုယ်စားပြီးကိုယ့်အလုပ်ကိုယ်လုပ်နေရတာ။ ဘယ်သူ့မှ ဂရုမစိုက်နဲ့ငါ့သားလို့ ပြောတာ မျိုးနှစ်စိတ်။

**တုတ်ထိုး** - မှတ်သားထိုက်ပါပေတယ်ဗျာ။ ကဲ. . ကဲ. . . အချိန်လည်း လင့်နေပြီမို့ စကားဝိုင်းကို ဒီမှာပဲ ရပ်ကြပါစို့ရဲ့။ အောင်လအင်န်ဆန်ရဲ့ ပွဲတွေ ပြန်ကြည့်လိုက်ဦးမယ်။ ဟိုတစ်နေ့က မြန်မာဘောလုံးအသင်းကလည်း နိုင်တယ်။ ပြန်ကြည့်ရဦးမယ်။

**အိုးပေါက်** - အဲဒါ မျိုးချစ်စိတ်ပါပဲ။

မြစ်ကြီးနားသတင်းဂျာနယ်
( နိုဝင်ဘာ ၁၉ ၊ ၂၀၁၈ )

# မြောက်စွန်းဒေသခရီးသည်

အင်ခိုင်ဘွမ်ရေးသားသည်။



ကျွန်းမာရေးဆရာမနှင့် ရှေ့မန်းသူ ဘိုးသက်ရှည်



လီဆူမလေးနှင့် ယုဝတီဂျင်းဖောမယ်



မချမ်းဘောသို့ သစ်လုံးထွင်းလှေနှင့်အကူး



ယုဝတီဂျင်းဖောမယ်နှင့် လားမားအန်စမ်

ဆရာမကြီး ယုဝတီဂျင်းဖောမယ်သည် ၁၉၆၀-၆၁ ခုနှစ်များတွင် ပူတာအို အနောက်မြောက်စွန်းရှိ တိဗက်၊ ရဝမ်၊ လီစူး၊ ခန္တီးရှမ်းတို့၏ ဓလေ့ထုံးစံ၊ ဘာသာ၊ ယဉ်ကျေးမှုများကို လေ့လာမှတ်တမ်းတင်ခဲ့ပါသည်။ ထို မှတ်တမ်းများကို မြဝတီ၊ ငွေတာရီ၊ ယုဝတီဂျာနယ်များတွင် ဖော်ပြခဲ့သည်။ တာဝန်ပြီးဆုံး၍ ရန်ကုန်သို့ ပြန်ရောက်သောအခါ လူမျိုးစုလက်ထောက်သုတေသနအရာရှိအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ထို့နောက် ဆရာမသည် လူမျိုးစုများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့မှု၊ တိုင်းရင်းသားပုံပြင်များကိုပြည်မသို့ယူဆောင်ရန်ပန်နန်းဒင်သို့ခရီးပြန်ထွက်ရန် ပြင်ဆင်ခဲ့ပြန်သည်။

နမ့်ခမ်းသို့ ရောက်သောအခါ ရွာသူကြီးဖုန်ဇီးဖုန်က “ဆရာမ နေကောင်းတယ်နော်။ ဒီတစ်ခါ ဆရာမပြန်လာတာ ကျွန်တော်အားကြီးအံ့ဩချင်တယ်”ဟု နှုတ်ဆက်လေသည်။ ဖုန်းဇီးဖုန်နှင့် နှုတ်ဆက်စကားများ ပြောပြီးနောက် လားများငှားကာ ခရီးဆက်ခဲ့ကြသည်။ တောင် အထပ်ထပ်၊ မြစ်ဝှမ်းများကို ဖြတ်သန်းပြီးနောင်မွန်းသို့ရောက်ရှိခဲ့သည်။ နောင်မွန်းမြို့ပိုင်က ဆရာမ၏ မြဝတီဆောင်းပါးများကိုဖတ်ပြီး အဘွားကြီးတစ်ဦးဂူဘားသို့သွားကြောင်း၊ရေခဲများမခဲအောင်သတ်ဖို့နဲ့ ပြိတ္တာများကိုချွတ်ရန် ဖြစ်ကြောင်း၊ ဘိုးမင်းခေါင်ဂိုဏ်းဝင် ဖြစ်ကြောင်း၊ ပန်နန်းဒင်အရောက်ဖျား၍ ပြန်လှည့်လာခြင်းဖြစ်ကြောင်း သတင်းပေးသည်။ ယုဝတီဂျင်းဖောမယ်လည်း ထိုအဘွားကြီးကို သွားရောက်တွေ့ဆုံသည်။ အဘွားကြီး၏ အမည်မှာ ဘိုးသက်ရှည်ဖြစ်သည်။ အထက်ဆရာကြီးများက တရားပေါက်နေပြီဖြစ်သော ချစ်တပည့် မသက်ရှည်ကို ဘိုးသက်ရှည်ဟု ပြောင်းခေါ်ခဲ့သည်ဟု ဆိုသည်။

လူသူအရောက်အပေါက်နည်းသော မြန်မာ့နယ်စွန်တွင် အရွယ်ရင့်ပြီဖြစ်သော ရှေ့မန်းသူ ဘိုးသက်ရှည်သည် အများအမြင်တွင် ရူးနေသောမိန်းမကြီးတစ်ယောက်အဖြစ် ရပ်လျက်ရှိသည်။ “အမေလာရတဲ့ အကြောင်းအရင်းကတော့ ဒီကလူတွေကို သိပ်သနားတယ်။ ရေခဲတွေကို အမေတို့မေတ္တာနဲ့သတ်ပေးမယ်ဆိုရင် ရေခဲပြင်တွေရဲ့နေရာမှာ ဆန်ရေစပါးတွေများများစိုက်ပြီး ဒီကလူတွေ လိုင်လိုင်ကြီးစားရမှာပဲလို့ တွေးမိတယ်။ အထက်ဆရာကြီးများကလည်း သွားတော့ ဘိုးသက်ရှည်၊ ဒါ ဘိုးသက်ရှည်ရဲ့ အကွက်ပဲဟဲ့။ နင့်ရဲ့မေတ္တာစွမ်းနဲ့နယ်စပ်က ပြိတ္တာတွေကို သွားပြီးချွတ်ဟဲ့။ ရေခဲတွေ အရည်ပျော်အောင် သွားသတ်လဟဲ့နဲ့ ခိုင်းလိုက်လို့လာတာပါ”ဟု အဘွားကြီးက ရှင်းပြလေသည်။ ယုဝတီဂျင်းဖောမယ်လည်း လွှာဖိနပ်ပါးပါးလေးဖြင့် တောင်ကြီးများကို ဖြတ်ကျော်ခဲ့သော အဘွားအိုကို ချီးကျူးမိသည်။ မှတ်တမ်းဓာတ်ပုံရိုက်ယူ၍ ငွေအနည်းငယ် ထောက်ပံ့ပေးခဲ့လေသည်။

ထို့နောက် ယုဝတီဂျင်းဖောမယ်နှင့်အဖွဲ့သည် မလိုက်ချင်ဘဲ လိုက်လာရသည့် လားပိုင်ရှင် တရုတ်ကြီး၏ ညည်းငြူမှုကို နားထောင်ရင်း၊ ကျားသောင်းကျန်းသော ရွာများကို ဖြတ်သန်းရင်း ကွေ့ကောက်မတ်စောက်သော တောင်များကို ကျော်ဖြတ်ခဲ့ကြလေသည်။ လမ်းတွင် ဆားအဝယ်ထွက်သော ထရုံတိုင်းရင်းသားနှစ်ဦးကိုတွေ့သည်။ ယုဝတီဂျင်းဖောမယ်နှင့်အဖွဲ့ဝင်များက စိတ်ဝင်စားကြသော်လည်း ထို ပုဂ္ဂိုလ်နှစ်ဦးက အရေးပင်မစိုက်။ ထို့ကြောင့် အဖွဲ့ဝင်တစ်ဦးက “တယ်ဟုတ်ပါလား ဗိုလ်ညွန့်မောင်၊ နယ်ခြားမြို့ပိုင်ကြီးကိုတောင် နှုတ်ဆက်ဖော်မရပါလား၊ ခပ်တည်တည်ပဲဟင်” ဟု နောင်မွန်မြို့ပိုင်ကို လှမ်းနောက်လိုက်သည်။



မချမ်းဘော နယ်ခြားဝန်ရုံးတွင် အလုပ်များနေစဉ်

တဆာကူး၊ ဂေါ်လက်ထူး၊ ရှင်ရှန်ခူး စသည့် ရွာများကို ဖြတ်သန်းခဲ့ကြပြီး ရွာများက နယ်လှည့် ဝမ်းဆွဲဆရာမနှင့် ဆေးမျိုးများချပေးရန် တောင်းဆိုကြသည်။ ပန်နန်းဒင်ရွာတွင် တိဗက်အမျိုးသားကြီး အာဂျန်ဒရာရှီနှင့် ဆုံတွေ့ကြသည်။ ယုဝတီဂျင်းဖောမယ်က ဒလိုင်းလားမားနှင့် ပန်ချာလားမားတို့အကြောင်း မေးသည်။ တိဗက်စကားကိုလည်း အသံဖမ်းစက်ဖြင့် မှတ်တမ်းယူသည်။ တိဗက်အမျိုးသားကြီးက ဒလိုင်းလားမားကို ခေါင်းငုံ့ရှိခိုးရကြောင်း၊ မိမိတို့နှင့် ထိုမျှသာတန်ကြောင်း၊ မိတ်ဆွေတို့ ဂူဘားကို သွားမည်ဆိုလျှင် ၁၉၅၆ ခုနှစ်က ကာနယ်စောမြင့်လှူသွားသော ရွှေဘုရားတစ်ဆူရှိကြောင်း၊ မိမိတို့ ကောင်းမွန်စွာ ထိန်းသိမ်းပြီး ရှိခိုးနေကြောင်း ဖြေကြားခဲ့သည်။

ယုဝတီဂျင်းဖောမယ်နှင့် အဖွဲ့သည် လုံနတ်၊ ဂဝိုင်၊ နမ့်တမိုင်မြစ်ဝှမ်းတစ်လျှောက် ခက်ခက်ခဲခဲဖြတ်သန်းခဲ့ကြပြီး တဇွန်ဒမ်းရွာသို့ ရောက်ရှိခဲ့ကြသည်။ တဇွန်ဒမ်းတွင် ညအိပ်ကြပြီး ဂူဘားရွာသို့ ဆက်ထွက်ခဲ့ကြသည်။ သူကြီးအန်ဒရုနှင့် ဇနီးဒရီးမားက ပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ သူကြီးက ကာနယ်စောမြင့်အကြောင်း၊ ဆရာဝန်ဗိုလ်ကြီးတစ်ဦးအကြောင်းကို မေးကြသည်။ ရန်ကုန်ပြန်ရောက်လျှင် မိမိတို့က မမေ့ကြောင်း ပြောပေးရန် မှာကြားကြသည်။ ထို့နောက် ယုဝတီဂျင်းဖောမယ်သည် လားမားကြီးနှင့် ကိုရင်လေးနှစ်ပါး ဘုရားဝတ်ပြုသံကို အသံဖမ်းယူခဲ့သည်။ တိဗက်ရွာသူရွာသားများ၏ စုံတွဲအက၊ ဂျုံကြိချိန်၊ မြက်ရိတ်ချိန်၊ လက်ထပ်မင်္ဂလာ၊ စုပေါင်းအက စသည်ဖြင့်အကများ၊ ကျေးလက်တောရွာသီချင်းများ၊ အချစ်သီချင်းများ၊ သားချော့တေးများကို အသံဖမ်းစက်ဖြင့်လည်းကောင်း၊ ဓာတ်ပုံဖြင့်လည်းကောင်း မှတ်တမ်းတင်ခဲ့သည်။

ယုဝတီ ဂျင်းဖောမယ်နှင့် အဖွဲ့သည် ဆက်လက်၍ လေ့လာစရာ၊ မှတ်တမ်းတင်စရာများရှိသော်လည်း အချိန်နှင့် ရိက္ခာမလုံမှုကြောင့် ဂူဘားတွင် ကြာကြာမနေနိုင်ခဲ့ချေ။ “ဖာမရာအီရဲ နှုတ်ဆက်သံနှင့် မြောက်စွန်းဒေသ မြန်မာပြည်သား တိဗက်လူမျိုးတို့၏ တုန်ယင်သော ချဆို ချဆို တေဟ တေဟ ဘုရားရှိခိုးသံတို့သည် တောင်ခိုးမြူနှင်း တိမ်တိုက်တို့ကို ထိုးဖောက်၍ ကျွန်မတို့၏နောက်သို့ တဝေ့ဝေ့လိုက်ပါ၍ လာနေကြဆဲဖြစ်ပါ၏”ဟု ယုဝတီဂျင်းဖောမယ်က မှတ်တမ်းတင်ခဲ့လေသည်။

ရည်ညွှန်း - မြောက်စွန်းဒေသခရီးသည် (ယုဝတီဂျင်းဖောမယ်)

# မြန်မာစာဖြင့် အညွှန်းမရေးသည့် ကုန်စည်ထုတ်လုပ်သူများကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေဖြင့် အရေးယူမည်



မြစ်ကြီးနား၊ နိုဝင်ဘာလ ၁၅

အများပြည်သူ နားလည်အောင် မြန်မာဘာသာဖြင့် အညွှန်းရေးမထားသည့် ကုန်စည် ထုတ်လုပ်သူများကို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်တွင် အများပြည်သူသုံးစွဲမှု များပြားသော ပြည်တွင်းပြည်ပထုတ် စားသောက်ကုန်များ၊ ဆေးဝါးများ၊ လူသုံးကုန်များနှင့်ပတ်သက်ပြီး သုံးစွဲမှုဆိုင်ရာ အချက်အလက်များကို အများပြည်သူ နားလည်စေနိုင်မည့် မြန်မာစာဖြင့်ဖြစ်စေ၊ မြန်မာစာနှင့် အခြားဘာသာများ တွဲလျက်ဖြစ်စေ ဖော်ပြပေးရန် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ အောက်တိုဘာလ ၂၆ ရက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ထုတ်ပြန်ကြေညာသည့် အောက်တိုဘာလ ၂၆ ရက်မှစတင်ပြီး ခြောက်လပြည့်သည့်နေ့တွင် ယင်းအမိန့်ကြေညာချက်အတိုင်း အရေးယူမှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို ဦးစားပေး ကုန်စည်များတွင် သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓါတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးဆိုသည့် အချက်များကို အများပြည်သူနားလည်အောင် ဖော်ပြရမည်ဟု စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆန်းလွင်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"စားသုံးသူ ကာကွယ်ပေးရေးဥပဒေနဲ့ အရေးယူမယ်ဆိုတာက ထုတ်လုပ်သူနဲ့ စားသုံးသူနှစ်ဦးကြား တာဝန်ယူမှုနဲ့ တာဝန်ခံမှုရှိစေဖို့ ထိန်းကျောင်းပေးလိုက်တဲ့ သဘောပါ။ နောက်ပြီးတော့ အရေးယူမယ့်ဥပဒေက ပြစ်မှုဥပဒေမဟုတ်ဘူး။ ပြစ်ဒဏ်ပါ။ လုပ်ငန်းလိုင်စင်ပေးတဲ့ စည်ပင်ဌာနတို့၊ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းစေဖို့ ဓာတ်ခွဲစမ်းသပ်ပြီးမှ မှတ်ပုံတင်ပေးတဲ့ FDA ဌာနတို့နဲ့ ပူးပေါင်းပြီးဆောင်ရွက်သွားမှာပါ"ဟု ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆန်းလွင်ဦးက ပြောသည်။

အဆိုပါ ထုတ်ပြန်ချက်ကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းရှင်များကို သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ လျော်ကြေးပေးစေခြင်း၊ ကုန်စည်ကို ရောင်းချဖြန့်ဖြူးမှုတားမြစ်ကန့်သတ်ခြင်း၊ ကုန်စည်ကို ဈေးကွက်အတွင်းမှ သိမ်းဆည်းခြင်း၊ စားသုံးသူတို့အား ဘေးဥပါဒ်ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီးခြင်းနှင့် လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း(သို့) အမြဲတမ်းပိတ်သိမ်းခြင်းစသည့်ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊တစ်ရပ်ထက်ပိုသော အရေးယူမှုကိုဖြစ်စေ ခံရမည်ဟုလည်း စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ဖော်ပြထားသည်။

ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင် ၃ နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ယင်းပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်ဟုလည်း ပါရှိသည်။

ဆိုင်း (ကချင်မြေ)

# ဖားကန့်တွင် ရေမဆေးသမားတစ်ဦး သေနတ်ကျည်ဆံထိမှန် သေဆုံး



ဖားကန့် မော်စီဇာရှိ ရွှေဖျိုင်းကုမ္ပဏီ လုပ်ကွက်အတွင်း အချိန်ပိုင်း ဝင်ရောက်တူးဖော်နေကြသော ရေမဆေးသမားများကို တွေ့ရစဉ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၆

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ဝေ့ခါကျေးရွာအနီးရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အတွင်းတွင် လုပ်ကွက်စောင့်တပ်မတော်သားတစ်ဦး၏ ပစ်ခတ်မှုကြောင့် နိုဝင်ဘာလ ၁၄ ရက်နေ့က ရေမဆေးသမားတစ်ဦး သေဆုံးသွားခဲ့ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထောင်နှင့်ချီသည့် ရေမဆေးသမားများက ကုမ္ပဏီအတွင်းသို့ ဝင်ရောက်ရှာဖွေရန်ကြိုးစားခဲ့သည်ကို လုပ်ကွက်စောင့်နေသည့် တပ်မ(၃၃) လက်အောက်ခံ တပ်မတော်သားက သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်စဉ် ရေမဆေးသမား မောင်ကျော်မျိုးထွန်းကို ထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပစ်ခတ်မှု ဖြစ်တာကတော့ဟုတ်ပါတယ်။ ကျန်တဲ့အရာတွေကတော့ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးမှုတွေ ပြုလုပ်သွားမှာပါ"ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ရှင်းပြသည်။

သေဆုံးသူ မောင်ကျော်မျိုးထွန်းမှာ ဘယ်ဘက်တင်ပါးအထက်တွင် သေနတ်ဖောက်ဝင်သေဆုံးခဲ့ခြင်းဖြစ်ပြီး ဝေ့ခါကျေးရွာ၊ မော်သစ်ကုန်းရပ်ကွက် (၄)တွင် လက်ရှိနေထိုင်သူဖြစ်ကာစစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ငပွေးလေးကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်းလည်း သိရသည်။

မောင်ကျော်မျိုးထွန်း သေဆုံးမှုနှင့်ပတ်သက်ပြီး ရေမဆေးရှာဖွေသူများက မကျေနပ်သဖြင့် လုပ်ငန်းသုံးယန္တရားများအား မီးရှို့ဖျက်ဆီးခြင်း၊ လောင်စာဆီများဖောက်ချခြင်းများ ပြုလုပ်ခဲ့သည်ဟုသိရပြီး ဖားကန့်ဒေသအတွင်း အကြီးစားတူးဖော်မှုခွင့်ပြုလိုက်သည့်အချိန်မှ စတင်ကာ လုပ်ကွက်စောင့်ရဲတပ်သားများ၊ တပ်မတော်သားများနှင့် ရေမဆေးသမားတို့ အချင်းပွားမှု မကြာခဏဖြစ်ပေါ်လေ့ရှိကာ ခြောက်လှန့်ပစ်ခတ်ရာမှ လူဦးရေရာနှင့်ချီ သေဆုံးခဲ့ရပြီဖြစ်သည်။

ယခုနောက်ပိုင်းတွင် ဆိပ်မူ၊ ဝေ့ခါဒေသမှ ကျောက်ကုမ္ပဏီများက ၎င်းတို့ ထမင်းစားနားနေချိန် တစ်နာရီခန့်အတွင်း ရေမဆေးသမားများကို ဝင်ရောက်ရှာဖွေခွင့် ပြုထားကြောင်း ဝေ့ခါကျေးရွာတွင် ကျောက်လုပ်ငန်းလုပ်ကိုင်နေသူ ဦးနိုင်ထွန်းထံမှ သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# တရုတ်နိုင်ငံသားနှစ်ဦး သတ်ဖြတ်မှုဖြင့် မြန်မာနိုင်ငံသားနှစ်ဦးကို သေဒဏ်ပေး

ဝိုင်းမော်၊ နိုဝင်ဘာ ၁၅

ဝိုင်းမော်မြို့နယ် ဒဘတ်ယန်ကျေးရွာနှင့် သုံးမိုင်ခန့်ကွာဝေးသည့် 'စောသန္တာဝင်း' စိုက်ပျိုးရေးနှင့် မွေးမြူရေးကုမ္ပဏီ လုပ်ကွက်တွင် စိုက်ပျိုးရေးအလုပ်သမား တရုတ်နိုင်ငံသားနှစ်ဦးအား သတ်ဖြတ်ခဲ့သည့် မြန်မာနိုင်ငံသားနှစ်ဦးကို မြစ်ကြီးနားခရိုင်တရားရုံးက သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

သုံးရက်စာလုပ်အားခ အကြွေးမပေးသည့်ကိစ္စနှင့် ပတ်သက်ပြီး မေလ ၂၅ ရက်က အချင်းများကာ တရုတ်နိုင်ငံသားနှစ်ဦးကို သတ်ဖြတ်ခဲ့သည်ဆိုသော အမျိုးသားနှစ်ဦးသည် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်း ရှောင်သွားသဖြင့် ဇွန်လ ၃၀ ရက်က တနိုင်းမြို့တွင်လိုက်လံဖမ်းဆီးခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ယာယီနေထိုင်ခွင့်ဖြင့် နေထိုင်သူ တရုတ်အမျိုးသားနှစ်ဦးသည် တရုတ်နိုင်ငံ၊ ကွမ်ရှီးပြည်နယ်မှ လာရောက်သူများဖြစ်ကြသည်။


ထိုအမျိုးသား နှစ်ဦးကို သတ်မှုနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးကို ဝိုင်းမော်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ - ၃၀၂/၁၁၄ဖြင့် အရေးယူခဲ့သော အမှုဖြစ်သည်။

ရာဇသတ်ကြီး ဥပဒေပုဒ်မ- ၃၀၂ အရ မည်သူမဆို လူသတ်မှုကိုကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ကျခံနိုင်သည်ဟု ဖော်ပြထားသည်။

Ah Je



# ကဘူဒမ်းရောက် တနိုင်းဒေသစစ်ရှောင်များ စခန်းသစ်သို့ ပြောင်းရွှေ့နေထိုင်


ကဘူဒမ်း စစ်ရှောင်စခန်းဟောင်း


ကဘူဒမ်း စစ်ရှောင်စခန်းသစ်

မြစ်ကြီးနား၊နိုဝင်ဘာ ၁၄

မြစ်ကြီးနားမြို့နယ် ကဘူဒမ်းရွာနယ်မြေ(၇)ခရစ်တော်၏အသင်းတော် ဘုရားကျောင်းတွင် နေထိုင်သော စစ်ဘေးရှောင် ပြည်သူများသည် နိုဝင်ဘာလ ၁၂ရက်နေ့တွင် ဘုရားကျောင်းအနီးရှိစခန်းအသစ်သို့ ပြောင်းရွှေ့နေထိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်း စစ်ရှောင်စခန်းအသစ်တွင် လူဦးရေ ၃၈ ယောက် နေထိုင်နိုင်ရန်အတွက် အဆောင် နှစ်ဆောင်၊ အခန်းပေါင်း ၁၄ ခန်း၊ အိမ်သာ ၄ ခန်း၊ ရေချိုးခန်း နှစ်ခန်းကို ICRCက ကူညီထောက်ပံ့ပေးခဲ့ကြောင်း ICRC ပြန်ကြားရေးဌာနမှ ဦးဇော်ဖန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ ICRC အနေနဲ့တော့ သူတို့လိုအပ်နေတဲ့ အရာတွေကို အမြဲတမ်း ကူညီထောက်ပံ့ပေးသွားမှာပါ" ဟု ဦးဇော်ဖန်က ပြောသည်။

အဆိုပါစစ်ဘေးရှောင်များသည် ယခင်က မိုးကာတဲများတွင် နေထိုင်ခဲ့ကြရသဖြင့် အခက်အခဲများစွာ ရှိခဲ့ကြောင်း၊ ယခုနေ ရာသစ်က စစ်ရှောင်ပြည်သူများအတွက် အဆင်ပြေကြောင်း စစ်ရှောင်စခန်းတာဝန်ခံဆရာ ဆန်နိုင်ဖီက ပြောသည်။

"တစ်နှစ်ကျော် မိုးကာတဲမှာနေရတာက လုံးဝအဆင်မပြေဘူး။ ဒါပေမဲ့လည်း နေနေရတယ်။ အခုလိုလာကူညီတဲ့ အဖွဲ့အစည်းတွေရှိတော့ ဝမ်းသာပါတယ်"ဟု ဆရာဆန်နိုင်ဖီက ပြောသည်။

ယင်း စစ်ရှောင်စခန်းမှ စစ်ရှောင်များသည် နေထိုင်မှုအတွက် လတ်တလော အဆင်ပြေသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်နေဆဲဖြစ်သည်ဟု စစ်ရှောင်စခန်းတွင်နေထိုင်သူ ဦးဂူရမ်က ပြောသည်။

"နေထိုင်ရတာတော့ အခုက နည်းနည်းတော့ လွတ်လွတ်လပ်လပ် ရှိသွားပြီပေါ့။ ဒါပေမဲ့ကျွန်တော်တို့က အလုပ်အကိုင်မရှိဘူး။ နေ့စားရှိရင် နေ့စားလုပ်မရှိရင် ဒီတိုင်းပဲနေရတယ်လေ။ ဖျားရင်တောင်မှ ဆေးခန်းပြဖို့ ပိုက်ဆံမရှိဘူး။ ဒါကြောင့် အခုချိန်က အလုပ်အကိုင်အခွင့်အလမ်းက အရေးကြီးနေတယ်"ဟု ဦးဂူရမ်က ပြောသည်။

အဆိုပါ စစ်ရှောင်ပြည်သူများသည် တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာ ရွာစွန်ပိုင်းရဝမ်ကုန်းတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ယမန်နှစ် ဇူလိုင်လအတွင်းက ထွက်ပြေးလာကာ မြစ်ကြီးနားမြို့နယ် ကဘူဒမ်းရွာ နယ်မြေ(၇)ခရစ်တော်၏ အသင်းတော် ဘုရားကျောင်းတွင် တစ်နှစ်ကျော် နေထိုင်ခဲ့သော စစ်ရှောင်များဖြစ်သည်။

Ah Je

# ဂျေယန့် စစ်ရှောင်စခန်းမှ ကျောင်းသားများ စာသင်ခန်း အခက်အခဲဖြစ်နေ

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၆

တရုတ်ပြည်နယ်စပ်၊ ကေအိုင်အိုထိန်းချုပ်နယ်မြေ အနီးရှိ ဂျေယန့်စစ်ရှောင်စခန်းရှိ စာသင်ခန်းများတွင် လူဦးရေများပြားနေပြီး ဆရာ/မ မလုံလောက်ခြင်းကြောင့် ကျောင်းသူ/သားများ စာသင်ရန် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ယင်းစခန်းတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းနှင့် အလယ်တန်းကျောင်း တစ်ကျောင်း (သတ္တမတန်း အထိ) ဖွင့်လှစ်ထားပြီး တစ်ခန်းလျှင် လူဦးရေ တစ်ရာကျော်အထိ သင်ကြားလျက်ရှိကြောင်းစခန်းတာဝန်ခံဦးကွမ်ထပ်ဇော်ကရိန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မိသားစုများတဲ့ အိမ်ထောင်စုဆိုရင် အခန်းကျဉ်းထဲမှာဆိုတော့ စာကျက်ရတာ အဆင်မပြေမှုတွေ ရှိတယ်။ အငယ်မ မဟုတ်ရင် အကြီးမအစ်ကိုတွေက ကျောင်းထွက်ရတယ်။ အများစုက တရုတ်ပြည်ဘက်ကို သွားပြီးတော့ လုပ်ကိုင်နေရပြီးတော့ တချို့က တော့ လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးစတာတွေ လုပ်ကိုင်နေရပါတယ်"ဟု အထက်ပါစခန်းတာဝန်ခံမှ ဆက်လက်ပြောပြသည်။

အလယ်တန်းကျောင်းပြီးသည့်နောက်တွင် ယင်းစခန်းရှိ ကျောင်းသူ/သားများ အနေဖြင့် လိုင်ဇာ၊ အလဲန်ဘွမ်ကျောင်း၊ ဝိုင်းမော်၊ မြစ်ကြီးနား စသည့်မြို့များရှိ အထက်တန်းကျောင်းများတွင် ပညာဆက်လက်သင်ကြားနေရပြီး ကျောင်းပြီးသည့်အခါတွင် ငွေကြေးအခက်ခဲများကြောင့် ကျောင်းဆက်မတက်နိုင်ဘဲ ကျောင်းနားခဲ့ရသည်မှာလည်း အများအပြားရှိကြောင်း သိရသည်။

"အဝေးမှာ ပညာသင်နေရတော့ မိဘတွေနဲ့လည်းဝေးပြီး အဆက်အသွယ် အခက်အခဲတွေရှိတယ်။ ဆယ်တန်းအောင်တဲ့ နောက်ပိုင်းမှာလည်း တက္ကသိုလ်တက်နိုင်ဖို့မှာ အစိုးရကျောင်း အသိအမှတ်ပြုကျောင်းတွေမှာ တက်ဖို့အခက်အခဲရှိတယ်။ မိဘတွေကလည်း ထောက်ပံ့မှုမလုပ်ပေးနိုင်တော့ ပညာရေးမှာ ကျောင်းဆက်မတက်နိုင်ဘဲ ကျောင်းနားခဲ့ရတာတွေ ရှိတယ်။ အရမ်းနစ်နာပါတယ်" ဟုလည်း အထက်ပါတာဝန်ခံက ထောက်ပြပြောဆိုသည်။

ဂျေယန့် စစ်ရှောင်စခန်းတွင် အိမ်ထောင်စု ၁၅၀၁ စု၊ လူဦးရေ ၈၀၅၆၀ ဦးခန့်ရှိကာ ထိုထဲတွင် ကလေးသူငယ်စုစုပေါင်း ၄၀၀၀ ကျော်ခန့် ရှိသည့် ကချင်ပြည်နယ်စစ်ရှောင်စခန်းများထဲတွင် လူဦးရေအများဆုံးစစ်ရှောင်စခန်းတစ်ခုဖြစ်သည်။

ဂျိုး(ပူတာအို)

# တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီကရေအားလျှပ်စစ်နှင့်ဆိုင်သော မေးခွန်းများမေးမြန်းကာ တန်ဖိုးကြီးဆုများ ချီးမြှင့်

ကြီးနား၊ နိုဝင်ဘာ ၁၆

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ထားသည့် မြစ်ကြီးနားမြို့နယ်၊ အောင်မြင်သာနှင့် မလိယန်ကျေးရွာတွင် SPIC တရုတ် ရေအားလျှပ်စစ်ကုမ္ပဏီက ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သည့် မေးခွန်းများ ဖြေဆိုခိုင်းပြီး နိုဝင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်နေ့တွင် တန်ဖိုးကြီးဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့က မလိယန် မူလတန်းလွန်ကျောင်းတွင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသူ/သားများနှင့် ရွာသားများကို ဆုများပေးအပ်ခြင်းဖြစ်ကာ ပထမဆုအဖြစ် ဆိုင်ကယ်တစ်စီးနှင့် အခြားဆုများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"ကျောင်းသူကျောင်းသားတွေကိုတော့ ပထမဆုကို စက်ဘီးပြိုင်ဘီး၊ ဒုတိယဆုကို အဝတ်လျှော်စက်ပေးပြီး တတိယဆုလည်း စက်ဘီးပဲပေးတယ်။ နှစ်သိမ့်ဆုတွေကိုလည်း ပေးတယ်။ ရွာသားတွေကိုလည်းကျောင်းမှာပဲဆုပေးတာ ကျွန်တော်တို့ကဆိုင်ကယ်ဝယ်ဖို့မတတ်နိုင်တော့ ဒီလိုဆုရတာပျော်တယ်။ ဒါပေမဲ့ စီမံကိန်းကိုတော့ ကန့်ကွက်တယ်"ဟု မလိယန်ရွာက ပထမဆုရသူ ဦးဘွမ်အန်က ပြောသည်။

၎င်းတန်ဖိုးကြီးဆုများကို မလိယန်ကျေးရွာတွင် နိုဝင်ဘာလ ၁၆ ရက်နေ့က ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီးရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သည့် မေးခွန်းများကိုအောက်တိုဘာလ ၁၃ ရက်နေ့က ဒေသခံရွာသား ၁၄ ယောက် ဖြေဆိုခဲ့ခြင်းဖြစ်သည်။

ထို့အတူ အောင်မြင်သာ စံပြ အထက်တန်းကျောင်းတွင်လည်း နိုဝင်ဘာလ ၁၅ ရက်နေ့က ကျောင်းသူ ကျောင်းသားများနှင့် ရွာသားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင်သာ စံပြကျေးရွာ တွင် အောက်တိုဘာလ ၂၉ ရက်နေ့က ဖြေဆိုရာ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၅ ဦးတို့ ဆုရရှိခဲ့ကြသည်။ ဆုရသူရွာသားများကို ပထမဆုကို Canda မော်တော်ဆိုင်ကယ်တစ်စီး၊ ဒုတိယဆု Glacier ရေခဲသေတ္တာ၊ တတိယဆု Huawei ဖုန်း၊ နှစ်သိမ့်ဆုများအဖြစ် ရေနွေးခရားအိုးနှင့် လျှပ်စစ်မီးဖိုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

လဖိုင်လု

စစ်

စစ်ပွဲများကို ကျွန်တော် မလိုလား မတောင့်တပါ။ စစ်ပွဲများသည် ကျွန်တော်တို့ကို ပျော်ရွှင်မှု မပေးပါ။ တရားသော စစ်ဖြစ်ဖြစ်၊ မတရားသောစစ်ဖြစ်ဖြစ် စစ်ပွဲသည် ကျွန်ုပ်တို့အတွက် အနိဋ္ဌာရုံများသာ ပေါက်ဖွားပေးပါသည်။

# ရေခဲတုံး



**စောနဒီ**
**(မြစ်ကြီးနား)**

ပိုလာဝက်ဝံများကို သတိရမိပါသည်။

ပိုလာဝက်ဝံများသည်အေးခဲလှသော မြောက်ဝင်ရိုးစွန်းတွင် နေထိုင်ကြသည်။ သူတို့သည် မည်မျှအေးခဲနေပါစေ ဘုရင်တစ်ဆူလို နေထိုင်နိုင်ကြသည့် တိရစ္ဆာန်များပင် ဖြစ်ပါသည်။ သူတို့သည် အအေးဒဏ်ကို ခံနိုင်သည်။ အေးခဲလှသော နှင်းတောနှင်းစိုင်ထဲမှာ အသက်ကိုမွေးမြူနိုင်ကြသည်။

သို့သော်။

အက်စကီးလူမျိုးများသည် ပိုလာဝက်ဝံများကို ခက်ခက်ခဲခဲ ဖမ်းစရာမလိုပါ။ သူတို့သည် အင်အားမသုံးဘဲ ပိုလာဝက်ဝံများကို အလွယ်တကူ ဖမ်းယူနိုင်ကြပါသည်။ မည်သို့ဖမ်းယူကြပါသနည်း။

ရှေးဦးစွာ သူတို့သည် ဖျံတစ်ကောင်ကို ဦးစွာသတ်ပြီး ဖျံ၏သွေးကို ပုံးတစ်ခုထဲမှာ ထည့်ထားလိုက်ကြပါသည်။ ထို့နောက် အသွားနှစ်ဘက်ပါသော ဓားမြှောင်ကို ပုံးထဲမှာ စိုက်ထားလိုက်ကြပါသည်။

အလွန်အေးသည့်အတွက် ဖျံသွေးများသည် အချိန်တိုအတွင်းမှာ အေးခဲသွားကြပါသည်။ တစ်ဖန် အေးခဲသွားသည့် ဓားမြှောင်ပါသည့် ဖျံသွေးခဲကို ပုံးထဲကထုတ်ပြီး ရေခဲပြင်မှာထားလိုက်ကြပါသည်။ ပိုလာဝက်ဝံသည် သွေးကို ကြိုက်နှစ်သက်သည့် သတ္တဝါဖြစ်သည်။ သူတို့သည် အနံ့ခံလည်း ကောင်းကြ၏။ ဝက်ဝံများသည် အဝေးကပင် သွေး၏အနံ့အသက်ကို ရကြသည်။

ပိုလာဝက်ဝံများသည်သွေးညှီနံ့ရှိရာသို့ ရောက်ရှိလာကြသည်။ ရေခဲပြင်ထဲတွင် ဖုံးဝှက်ထားသော သွေးကို ရှာကြသည်။ ဤတွင် အက်စကီးမိုးမျိုးတို့ ထောင်ချောက်ဆင်ထားသော ရေခဲဓားကို သူတို့တွေ့ရှိသွားကြသည်။

ပိုလာဝက်ဝံများသည်ရေခဲပြင်တွင် တွေ့ရသည့်သွေးခဲကို အငမ်းမရစားသောက်သည်။ ဘေးအန္တရာယ်ကို မမြင်။ အန္တရာယ်ကို မသိ။ အန္တရာယ်ကို မတွေးတော၊ မဆင်ခြင်။ ဤသည်ပင် သူတို့၏ကြမ္မာကို သူတို့ ငင်မိကြလေသည်။

သွေးခဲကို အငမ်းမရ လျှာနှင့်လျက်ကြသည်။ စားသောက်ကြသည်။ သွေး၏အရသာကို တွေ့ရှိပြီး လျက်ကြသည်။ အစာကိုသာမြင်ပြီး ငါးများချိတ်ကို မမြင်သော ငါးကဲ့သို့ ပိုလာဝက်ဝံတို့သည် သေမင်း၏ခံတွင်းဝသို့ မိုက်မိုက်မဲမဲ ခုန်ချကြသည်။

သွေးခဲကို လျက်ရင်းလျက်ရင်းနှင့် သွေး၏ အရသာကို သူတို့တပ်မက်ကြပြီ။ ရေခဲထဲတွင် သွေးနှင့်အတူ ဓားမြှောင်ပါရှိနေသည်ကို သူတို့မသိ။ ဓါးသွားကို လျှာဖြင့်လျက်မိသောအခါ ပိုလာဝက်ဝံတို့၏ လျှာကို ဓားသွားက တတိတိ ထိရှသည်။ လျှာကို ထိုးခွဲပြီး သွေးစိမ်းရှင်ရှင် ထွက်လာသော်လည်း အေးခဲထုံကျင်နေသဖြင့် နာကျင်ရမှန်း သူတို့ မသိကြရှာ။

သွေးသည် ပို၍ချိုလာသည်။

အရသာသည် ပို၍နှစ်သက်ဖွယ်ဖြစ်လာသည်။ ရေခဲဓားကို သူတို့လျက်ကြသည်။ ချိုမြသော၊ လတ်ဆတ်သော မိမိတို့သွေးကို သူတို့တပ်မက်ကြပြီ။ မက်မက်မောမော စားသုံးကြလေပြီ။

နောက်ဆုံး၌ ပိုလာဝက်ဝံတို့သည် ထိုနေရာ၌ပင် သေပွဲဝင်ရလေသည်။ ထိုအခါ အက်စကီးလူမျိုးတို့သည် ပိုလာဝက်ဝံကို အင်အားသုံးစရာမလိုဘဲ အလွယ်တကူ ဖမ်းယူသယ်ဆောင်သွားရုံပင်။

* * * * *

ပိုလာဝက်ဝံအကြောင်းများ စဉ်းစားမိသောအခါ ကျွန်တော်တို့နိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲများအကြောင်းကို စဉ်းစားနေမိပါသည်။

ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်တွင် နိုဝင်ဘာ ၁၁ ရက်နေ့က တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း(CEDS)မှ ပြုလုပ်သည့်ငြိမ်းချမ်းရေးဖိုရမ်တွင် ဗိုလ်မှူးကြီးခွန်ဥက္ကာက အသိပေးပြောကြားသည့် စကားတစ်ခွန်းရှိသည်။

" အကျပ်အတည်းတွေ ရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီ အကျပ်အတည်းတွေက အပျက်အစီးတော့ မဟုတ်ဘူး။ နိုင်ငံတကာမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားလုံးက အမြဲတမ်း အကျပ်အတည်း ရှိပါတယ်။ လွယ်လွယ်နဲ့တော့ မရဘူး။ ချောချောမွေ့မွေ့တော့ မဖြစ်ဘူး။ သို့သော် အကျပ်အတည်းကြားထဲက ညှိနှိုင်းပြီး ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွားနဲ့ ဂုဏ်သိက္ခာကို ကြည့်လို့ရှိရင်တော့ ဝိုင်းလုပ်ကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွားနဲ့ ဂုဏ်သိက္ခာကို မကြည့်ဘူး။ နယ်မြေတစ်ခုကို ကြည့်မယ်။ လူမျိုးတစ်မျိုးကို ကြည့်မယ်။ အဖွဲ့အစည်းတစ်ရပ်ကို ကြည့်မယ်။ အစုအဖွဲ့ လူပုဂ္ဂိုလ်တစ်စုကို ကြည့်မယ်ဆိုရင်တော့ ဒီ အကျပ်အတည်းက ကျော်ဖို့ခက်မယ်" ဟူသော စကားပင် ဖြစ်ပါသည်။

ထိုသတင်းစကားကို ဖတ်မိသောအခါ စစ်ပွဲများအကြောင်း၊ ပိုလာဝက်ဝံများအကြောင်း ကျွန်တော်အတွေးနယ်ချဲ့နေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော ပြည်ထောင်စုတိုင်းရင်းသားတို့ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားများ ဖြစ်ကြသည်။

သစ်ပင်သည် အမြစ်၊ အရွက်၊ အကိုင်း၊ အခက်၊ ပင်စည်စသည်ဖြင့် စုပေါင်းလိုက်မှ သစ်ပင်တစ်ပင် မည်သကဲ့သို့ ကျွန်တော်တို့ တိုင်းရင်းသားများစုပေါင်း၍ မြန်မာဟုသမုဒ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများ ဖြစ်ကြရသည်။

ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဖြစ်နေသောစစ်သည် ညီအစ်ကိုချင်း စစ်ဖြစ်နေကြခြင်း ဖြစ်သည်။ ပြောရလျှင် မြောက်ဝင်ရိုးစွန်းမှ ပိုလာဝက်ဝံများကဲ့သို့ ရေခဲဓားကို စားသုံးနေကြခြင်း ဖြစ်သည်။

ကျွန်တော်တို့ဆီတွင် ရေခဲဓားကို တပ်မက်နေကြသူများ ရှိသည်။ ထိုရေခဲဓားထဲတွင် အာဏာခွဲဝေမှုကို ထည့်ထားသည်။ ထိုရေခဲဓားကို အတ္တများ ဖုံးလွှမ်းထားသည်။ နယ်မြေပိုင်ဆိုင်လိုမှုများ သုတ်လူးထားသည်။ စင်စစ် ပြည်တွင်းစစ်အတွင်းမှ လူများသည် ကိုယ့်သွေးကိုယ်သောက်နေကြသည့် ပိုလာဝက်ဝံများပင် ဖြစ်သည်။ ကိုယ့်သွေးကိုယ်သောက်ပြီး တိုက်ပွဲဝင်နေကြသည်။ ဘယ်လက်ကို ညာလက်ကခုတ်၊ ညာလက်ကို ဘယ်လက်ကခုတ်နေသကဲ့သို့ ဖြစ်သည်။ ဘယ်ဘက်လက်မှာ ကိုင်ထားတဲ့ဓားနဲ့ ညာဘက်ကို ခုတ်နေပြီး ညာဘက်လက်မှာ ကိုင်ထားတဲ့ဓားနဲ့ ဘယ်ဘက်လက်ကို ခုတ်နေသည်နှင့် တူသည်ဟု ကဗျာဆရာတစ်ယောက် ပြောဖူးသည်ကို အမှတ်ရမိသည်။ အစားတစ်လုတ်အတွက် မြောက်ဝင်ရိုးစွန်းမှ ပိုလာဝက်ဝံများ သေဆုံးခဲ့ကြပြီ။ မိမိအကျိုး၊ မိမိလူတစ်စု ကောင်းစားရေးကိုသာ ကြည့်ပြီး ရေခဲဖုံးထားသော ဓားကို စားသောက်နေသကဲ့သို့ ဖြစ်နေသော စစ်ပွဲများကို ရပ်တန့်စေချင်သည်မှာ အမှန်ပင်ဖြစ်သည်။

အာဃာတများ၊ အငြိုးအတေးများ၊ မာန်မာနများကို ခဝါချ၍ ငြိမ်းချမ်းရေးတေးများ သီစေလိုပါသည်။

မြှုပ်ထားသော ဓားများ ကင်းစင်လိုပါပြီ။

မြှုပ်ထားသော ဗုံးများကင်းစင်လိုပါပြီ။

ညီအစ်ကိုချင်း ဖြစ်နေသော စစ်ပွဲများ ရပ်တန့်စေလိုပါပြီ။

မိမိလျှာကို မိမိ မှန်ထဲမှာ ကြည့်စေချင်ပါသည်။

ကိုယ့်သွေးကိုယ်သောက်ပြီး သေပွဲဝင်ခဲ့ကြသော ပိုလာဝက်ဝံများ မဖြစ်စေလိုပါပြီ။ ။

**စောနဒီ**
**(မြစ်ကြီးနား)**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# တိုင်းရင်းသားများ ကန့်ကွက်နေသည့်ကြားက ပြင်ဆင်လိုက်သည့် မြေလွတ်၊ မြေရိုင်းဥပဒေ




မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြန်လည်ပြင်ဆင်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၂ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံရှိ တောင်တန်းဒေသ တိုင်းရင်းသားများ၏ လယ်ယာမြေများကို နောက်ထပ်တစ်ဖန် ပြန်လည်သိမ်းယူဦးမည့် ဥပဒေဟုဆိုကာ တိုင်းရင်းသားပြည်သူများ ကန့်ကွက်နေသည့်ကြားက ယင်းဥပဒေကို အတည်ပြုလိုက်ပြီးနောက် ဗဟိုကော်မတီက ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို မြေယာများ မှတ်ပုံတင်ရန် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ထပ်ဆင့်ထုတ်ပြန်ခဲ့သည်။

အဆိုပါဥပဒေ၏ပုဒ်မ-၂၂ (ခ)အရ မြေယာများကို ရယူအသုံးပြုနေသူများသည် ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီး ခြောက်လအတွင်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဟု ဆိုထားသည်။ ထို့အပြင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြုလျှင် မည်သူ့ကိုမဆို ထောင်ဒဏ်နှစ်နှစ် (သို့)ငွေဒဏ်ကျပ်ငါးသိန်း(သို့)ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် ယင်းဥပဒေကို ဖယ်ဒရယ်တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းအသီးသီးက ရှုံ့ချလိုက်သည်။ လာမည့် ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်အထိ လျှောက်ထားခြင်း မရှိသည့် မြေများကို နိုင်ငံတော်က သိမ်းယူမည်ဟုဆိုရာတွင် တစ်နိုင်ငံလုံးရှိမြေကို အစိုးရက သိမ်းယူမည်ဆိုသည့်အချက်နှင့် ယခင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀ တွင်ပါသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ လေပေါ်လေအောက် သယံဇာတ အားလုံးသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဆိုသော အချက်များသည် ဒေသခံတိုင်းရင်းသားများ၏ မြေကို ဥပဒေနှင့်အညီ သိမ်းယူနေခြင်းဖြစ်ကြောင်း ဖက်ဒရယ် တိုင်းရင်းသားကိုယ်စားလှယ်များအဖွဲ့မှ ကချင်ကိုယ်စားလှယ် ဦးအောင်လတ်က ပြောသည်။

“အခုလည်း ဒီဥပဒေကို ပြဋ္ဌာန်းလိုက်တာက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအားလုံးကိုလည်း နောက်တစ်ဖန်အစိုးရက ပြန်လည်သိမ်းပြီးသားဖြစ်တယ်လို့မြင်တယ်။ ဒီဥပဒေက တောင်သူတွေရဲ့မြေယာလုပ်ပိုင်ခွင့်ကို ပိတ်ပင်လိုက်တဲ့အပြင် မြေသိမ်းမှုပြဿနာကို ပိုမိုကြီးထွားလာစေနိုင်ပါတယ်” ဟု ကချင်ကိုယ်စားလှယ်ဦးအောင်လတ်က ပြောသည်။

တိုင်းရင်းသားများနေထိုင်ရာဒေသရှိမြေများသည် ယခင်က စော်ဘွားကြီးများနှင့် ဒူဝါကြီးများပိုင်ဆိုင်သည့် မြေများဖြစ်သည့်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီမှ ထုတ်ပြန်လိုက်သည့် ယင်းဥပဒေသည် တိုင်းရင်းသားဒေသများနှင့် သက်ဆိုင်မှုမရှိကြောင်း ကချင်တိုင်းရင်းသားကိုယ်စားလှယ်ဦးအောင်လတ်က ပြောသည်။

ယင်းဥပဒေများ မပြဋ္ဌာန်းမီ၊ မပြင်ဆင်မီ အောက်ခြေအဆင့်ရှိ လက်ရှိကြုံတွေ့နေရသည့် တိုင်းရင်းသားများ၏ မြေယာပြဿနာ အရှုပ်အရှင်းကိစ္စများစွာရှိနေသည့်အတွက် ထိုပြဿနာများကို ဦးစွာဖြေရှင်းခြင်း၊ စစ်ကြောင့် ထွက်ပြေးနေသည့် တိုင်းရင်းသားများ မိမိနေရပ်ကို လုံခြုံစွာနေထိုင်နိုင်ခြင်းနှင့် နိုင်ငံတွင်း အာမခံရှိသည့် ငြိမ်းချမ်းရေးရရှိပြီးမှသာလျှင် ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းများကို ပြုလုပ်သင့်သည်ဟုလည်း ဝေဖန်မှုများ ရှိသည်။

“ဒီလို အမိန့်ကြေညာစာထုတ်တယ်ဆိုတာက အရှုပ်အရှင်းကို နောက်တစ်ခါထပ်ဖြစ်စေနိုင်တယ်။ ဘာကြောင့်ဆိုရင် စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်သူများရှိတယ်။ သူတို့မြေတွေက မြေလွတ်၊ မြေလပ်၊ မြေရိုင်းထဲပါနေပြီ။ အဲဒါကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတစ်ခုခုလုပ်လိုက်ရင် သူတို့အတွက်နစ်နာတယ်”ဟု ဦးအောင်လတ်က ပြောသည်။

ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးသည့် အခါများ၌လည်း မြေယာပြဿနာနှင့်ပတ်သက်၍ ရှင်းလင်းစွာထည့်သွင်း ဆွေးနွေးစေလိုကြောင်း၊ ငြိမ်းချမ်းရေးမရမီ တိုင်းရင်းသားဒေသများတွင် မည်သည့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကိုမျှ လုပ်ကိုင်ခွင့်မပြုစေလိုကြောင်း ဖယ်ဒရယ်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့က ပြောသည်။

ဒေသခံတောင်သူများ အနေဖြင့် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လုပ်ပိုင်ခွင့် ပုံစံ(၇) လျှောက်ထားကြသော်လည်း နယ်မြေလုံခြုံရေးအရ သွားရောက်နိုင်ခြင်းမရှိဟု ဆိုကာ လုပ်ပိုင်ခွင့်လက်မှတ်မပေးဘဲ အာဏာရှင်များနှင့် ဓနရှင်များ လုပ်ကိုင်ခွင့်လျှောက်ထားသည့်အခါ လုပ်ပိုင်ခွင့်လက်မှတ် ရရှိနေကြသည်ဟုလည်း ဆိုသည်။

“တကယ်လို့ အခုလို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို မလျှောက်မနေရဆိုရင် ကျွန်တော်တို့တောင်သူတွေရဲ့ မြေတွေက နောက်တစ်ဖန်သိမ်းတဲ့အထဲ ပါသွားပြန်မှာ ဖြစ်ပါတယ်။ အဲဒီလိုဆိုရင် ပိုပြီးအကျပ်အတည်း ဖြစ်သွားနိုင်ပါတယ်။ မြေယာကို အသုံးချပြီး နိုင်ငံရေးလုပ်နေတယ်လို့မြင်မိပါတယ်”ဟု ဦးအောင်လတ်က သုံးသပ်သည်။

ကချင်ပြည်နယ်အတွင်း စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်သူများ ချန်ခဲ့သည့် ၎င်းတို့မြေများသည် ၎င်းတို့ပြန်ချိန်တွင် ယင်းဥပဒေအရမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းထဲ ပါသွားပြီဖြစ်သည့်အတွက် အဆိုပါမြေများကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုတစ်ခု လုပ်လိုက်ပါက၎င်းတို့အတွက် နစ်နာမှုများ ရှိနိုင်သည်။

ပြည်နယ်အတွင်း အနီးစပ်ဆုံးဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ စစ်ရှောင်များထားခဲ့သည့် ဒဘတ်ယန်ကျေးရွာ၏ မြေများ အနက် ဧက ၇၀၀၀၀ ခန့်သည် ငှက်ပျောခြံဖြစ်နေပြီ ဖြစ်ပြီး ၎င်းတို့ နေရပ်ပြန်ချိန်တွင် ပြန်လည်လုပ်ကိုင်စားသောက်မည်ဆိုက ယင်းဥပဒေက အကာအကွယ် ပေးမထားသဖြင့် ပြည်တွင်းငြိမ်းချမ်းမှသာ ဥပဒေပြဋ္ဌာန်းမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပြုလုပ်သင့်သည်ဟုလည်း ထိုအဖွဲ့က ထောက်ပြပြောဆိုသည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးဥပဒေပါ ပုဒ်မ ၂၂ ခွဲ(ဂ)တွင် ခွင့်ပြုကာလအတွင်း လုပ်ပိုင်ခွင့်မလျှောက်ပါက နိုင်ငံတော်က သိမ်းယူပြီးဖြစ်ကြောင်းမှတ်ယူပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပေါ် ခွင့်ပြုချက်မရ ကျူးကျော်မှုဖြင့် အရေးယူခံရမည်ဖြစ်သော်လည်း ယခုပြင်ဆင်လိုက်သည့်ဥပဒေတွင် ဤဥပဒေမပြဋ္ဌာန်းမီက ယခင်လုပ်ကိုင်နေသည့် တောင်သူများအနေဖြင့် ဥပဒေပြဋ္ဌာန်းသည့်နေ့မှ ၆ လအတွင်း လုပ်ပိုင်ခွင့်လျှောက်ထားနိုင်ကြောင်း ပြင်ဆင်ထားသည်။

ထိုသို့ လျှောက်ထားသူများ အနေဖြင့် ဧက ၃၀၀ အောက်ဆိုပါက သက်ဆိုင်ရာပြည်နယ်အဆင့် စီမံခန့်ခွဲရေး ကော်မတီတွင် လျှောက်ထားနိုင်ပြီး ဧက ၃၀၀ နှင့်အထက်ဆိုပါက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီတွင် လျှောက်ထားရမည်ဖြစ်ကြောင်း ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

“အဲဒီတော့ တောင်သူတွေအနေနဲ့ ခွင့်ပြုချက်မရှိ စိုက်ပျိုးထားတဲ့ သီးနှံတွေက ခွင့်ပြုချက်ရတဲ့ သီးနှံတွေဖြစ်သွားမှာဖြစ်တယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ မိမိလုပ်ကိုင်နေကြောင်း ဓာတ်ပုံမှတ်တမ်းတွေ သက်သေအထောက်အထားတွေနဲ့ လျှောက်ဆိုရမှာဖြစ်ပါတယ်။ အမှန်တကယ် အကောင်ထည် ဖော်ထားတယ်ဆိုရင် ခွင့်ပြုမိန့်ထုတ်ပေးလိုက်မှာ ဖြစ်ပါတယ်”ဟု ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလွင်က ပြောသည်။

ပြင်ဆင်ချက် ဥပဒေ၏ ပုဒ်မ၂၂(ခ) ပိုဒ်ခွဲငယ်(၂)အရ ၆လအတွင်းလျှောက်ထားခြင်း မရှိပါက ယင်းမြေပေါ်မှ ဖယ်ရှားခြင်းခံရမည်ဖြစ်ပြီး၊ အပိုင်း(၃)အရ ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည် ဆိုထားသဖြင့် “ဒါက အလွန်ကောင်းတဲ့ ထူးခြားချက်ဖြစ်ပါတယ်။ ဒါကို ဗဟိုမြေလွတ်မြေရိုင်း စီမံခန့်ခွဲရေး ကော်မတီကနေပြီး အမိန့်ကြော်ငြာစာထွက်ပြီး ဖြစ်ပါတယ်။ တောင်သူတွေ မိမိသဘောအရ စိုက်ထားတဲ့ မြေတွေလုပ်ပိုင်ခွင့်ရရှိပြီး တရားဝင်ဖြစ်အောင် လျှောက်ကြပါ”ဟု ဦးသိန်းလွင်က ဆက်လက်ပြောသည်။

တောင်သူများ မိမိသဘောအရ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေများ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန်အတွက် လုပ်ပိုင်ခွင့်များ လျှောက်ဆိုကြရန်နှင့် အများပြည်သူ သိရှိစေရန် သက်ဆိုင်ရာပြည်နယ်ရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးစသည့် ရုံးများတွင် ပြည်သူများကျယ်ပြန့်စွာ သိရှိစေရန် အသိပေးကြေညာစာများ ကပ်ထားခြင်းနှင့် နိုင်ငံပိုင်သတင်းစာများက တစ်ဆင့် ဖော်ပြခြင်းများ ပြုလုပ်ထားသည်ဟုလည်း ဆိုသည်။

“၂၀၁၂ ခုနှစ် မတိုင်ခင်က မြေခွန်ဆောင်တာမျိုးရှိတယ်။ မြေခွန်ဆောင်ခဲ့ဖူးတယ်ဆိုရင်တော့ လုပ်ပိုင်ခွင့်လျှောက်တယ်ဆိုရင်တော့ ကျွန်တော်တို့ဌာနအနေနဲ့ လယ်ယာမြေဥပဒေအရ ပုံစံ(၇) ထုတ်ပေးလို့ရတယ်။ မြေခွန်လည်းမရှိ ဘာမှမရှိဘဲ လုပ်နေတယ်ဆိုရင်တော့ မြေလွတ်မြေရိုင်းထဲမှာ စာရင်းရှိတော့ မြေလွတ်မြေရိုင်းမှာပဲ ပါသွားမှာဖြစ်ပါတယ်”ဟု ဦးသိန်းလွင်က ပြောသည်။

အဆိုပါ ပြင်ဆင်ချက် ဥပဒေ ပုဒ်မ ၃၀(က) အရ ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ဖော်ပြထားသည့် မြေများမှာ (၁)တည်ဆဲဥပဒေများနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့်ပေးထားသည့်မြေများ (ပြေစာမရှိသော်လည်း မိမိသဘောဖြင့်အစဉ်တစိုက် လုပ်ကိုင်နေသည့် မြေများကို ဆိုလိုခြင်းဖြစ်သည်။)၊ (၂) ဒေသခံတိုင်းရင်းသားများ ရိုးရာဓလေ့အရ အသိမှတ်ပြု သတ်မှတ်ထားသည့်မြေများ (ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းများ)၊ (၃) အများပြည်သူ၊ တိုင်းရင်းသားများဆိုင်ရာ အသုံးပြုထားသည့် မြေများ (ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အတွက် လက်ရှိအသုံးပြုထားသည့်မြေ)တို့ဖြစ်သည်။

မွန်းမွန်းပန်

# ဆောင်းတွင်းမှာ အသားအရေ ကျန်းမာလှပအောင် ဘယ်လို ထိန်းသိမ်းသင့်လဲ

ဆောင်းရာသီကို လူအများကြိုက်ကြပါတယ်။ ဆောင်းရဲ့ အေးမြတဲ့ ရာသီကြောင့်ပါ။ ဒါပေမဲ့ ဆောင်းရာသီမှာ အသားပတ်ခြင်း၊ ရေဓာတ်ကုန်ခမ်းခြင်း၊ အဆီဓာတ်နည်းပါးခြင်း၊ ယားယံခြင်းနဲ့ အရေပြားခြောက်သွေ့ခြင်း အစရှိတဲ့ လက္ခဏာဆိုးတွေ များစွာရှိတတ်ကြပါတယ်။ ဒါကြောင့်မို့ သင့်ရဲ့အရေပြားကို ပိုပြီးဂရုစိုက်ဖို့လိုပါတယ်။ သင့်ရဲ့အရေပြားကို ဆောင်းတွင်းတစ်တွင်းလုံး ကျန်းမာလှပစေဖို့ သင့်အတွက် အချက် ၁၀ ချက်ကို ပြန်လည်ဝေမျှလိုက်ပါတယ်။

**၁။ ရေနွေးကိုသုံးပါ။**

ရာသီဥတုအေးတဲ့အခါမှာ ရေပူပူနွေးနွေးနဲ့ မျက်နှာသစ်ရေချိုးရတာဟာ အင်မတန်မှ နေလို့ကောင်းမှာပါ။ ဒါပေမဲ့ သင့်အသားအရေကို မြတ်နိုးတန်ဖိုးထားမယ် ဆိုရင်တော့ အဲလိုမျိုးရေပူနဲ့ ချိုးတာကို ရှောင်ပါ။ အဲဒီအစား အနည်းငယ်သာနွေးတဲ့(သို့)ခန္ဓာကိုယ် အပူချိန်မျှသာရှိသည့် ရေကို သုံးပါ။ ရေပူချိုးခြင်းဟာ သင့်ရဲ့ အသားအရေကို လျင်မြန်စွာ ခြောက်သွေ့စေပြီး ပတ်ကြားအက်သည်အထိ ဖြစ်စေနိုင်ပါတယ်။ ဒါ့ကြောင့် အပူအအေးမျှတအောင်သုံးပါ။

**၂။ အစိုဓာတ်ရအောင်နေပါ**

ဆောင်းရာသီမှာ လေထုဟာ ပုံမှန်ထက်ပိုပြီး ခြောက်သွေ့တာကြောင့် သင့် ခန္ဓာကိုယ်မှာ ရေဓာတ် အလွယ်တကူ အငွေ့ပျံစေပါတယ်။ အစိုဓာတ်ရအောင်လုပ်ဖို့ အလွယ်ကူဆုံးနည်းကတော့ ရေများများသောက်ခြင်းပါ။ သင်ဟာ ဆောင်းတွင်းမှာ တခြားရာသီတွေလောက် ရေမဆာဘူးလို့ ခံစားကောင်း ခံစားရလိမ့်မယ်။ ဒါပေမယ့် သင့်ရဲ့ ရေသောက်တဲ့စံနှုန်းကို တခြားရာသီမှာ သောက်တဲ့စံနှုန်းထက် မလျှော့ဘဲ သောက်သင့်ပါတယ်။

**၃။ သင့်အသားအရေကို ကာကွယ်ပါ။**

သင့်အသားအရေကို လေအေး(သို့)နှင်း၊ မိုးတို့မှ ဦးထုပ်၊ လက်အိတ်နဲ့ ခြေအိတ်တွေဝတ်ပြီး ကာကွယ်ပါ။ နေရောင်ခြည်ဓာတ် နွေးနွေးလေးဟာ အင်မတန် နေလို့ကောင်းပေမယ့် ဆောင်းရာသီရဲ့နေရောင်ခြည်မှာပါတဲ့ ခရမ်းလွန်ရောင်ခြည်က အသားအရေကို များစွာ ပျက်စီးစေပါတယ်။ ဒါကြောင့် Sun Screen Lotion လိမ်းဖို့ မမေ့ပါနဲ့။

Titanium Dioxide သို့မဟုတ် Zincoxide ပါဝင်သည့် Sunscreen ကို သုံးပါ။ လက်ဆေးပြီး သို့မဟုတ် ရေချိုးပြီးတာနဲ့ တစ်ပြိုင်နက်တည်း အပြင်ထွက်ခြင်းကို အတတ်နိုင်ဆုံးရှောင်ပါ။ ဘာကြောင့်လဲဆိုတော့ ရေစိုနေတဲ့ အသားအရေက လေအေးထဲမှာ အလွယ်တကူ ပတ်ကြားအက်နိုင်လို့ပါ။



**၄။ သင့်ရဲ့လက်ကို မမေ့ပါနဲ့**

သင့်လက်ပေါ်က အရေပြားဟာ တခြား ခန္ဓာကိုယ်အစိတ်အပိုင်းမှာရှိတဲ့ အရေပြားတွေထက် ပါးလွှာပြီး အဆီဓာတ် ပိုနည်းတာကြောင့် အပြင်ထွက်မယ်ဆိုရင် သိုးမွှေးလက်အိတ် သို့မဟုတ် တခြား နေရောင်ခြည် ကာကွယ်တဲ့ လက်အိတ်တွေကိုဝတ်ဆင်ပါ။



**၅။ စိုနေတဲ့ အဝတ်တွေကို ကြာကြာမဝတ်မိပါစေနဲ့**

နှင်းတောထဲမှာ ကစားခြင်း၊ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်း အစရှိတဲ့ လေ့ကျင့်ခန်းတွေ ပြုလုပ်ခြင်းဟာ ကျန်းမာရေးအတွက် ကောင်းပါတယ်။ ဒါပေမဲ့ချွေးစိုနေတဲ့ သင့်ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေကို တတ်နိုင်သလောက်မြန်မြန်ချွတ်ပါ။ စိုနေတဲ့အဝတ်တွေကိုဝတ်ဆင်ခြင်းဟာ သင့်အသားအရေကို ယားယံစေပြီး စပ်ဖျင်းဖျင်းဖြစ်စေပါတယ်။

**၆။ နေကာမျက်မှန်တပ်ပါ။**

ဒါကတော့ နှင်းထူထပ်တဲ့နေရာမှာ နေသူတွေအတွက် အထူးဂရုပြုသင့်တဲ့ အရာပါ။ ဘာလို့လဲဆိုတော့ နေရောင်ခြည်နဲ့နှင်းတွေဟာ သင့်ရဲ့မျက်လုံးတစ်ဝိုက်မှာရှိတဲ့ အရေပြားကို ထိခိုက်စေပြီး မျက်ကွင်းညိုသည်အထိ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အပြင်ထွက်တဲ့ အခါတိုင်း ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်တဲ့ နေကာမျက်မှန် တပ်ဆင်ဖို့ မမေ့ပါနဲ့။

**၇။ ကဖိန်းဓါတ် (ကော်ဖီ)နှင့် အရက်သောက်ခြင်းကို ချင့်ချိန်ပါ။**

အေးမြတဲ့ဆောင်းတွင်း မနက်ခင်းလေးမှာ ကော်ဖီပူပူတစ်ခွက်သောက်ရတဲ့အရသာနဲ့ အေးမြတဲ့ ညနေခင်းမှာ ဗော့ကာတစ်ခွက်သောက်ရတဲ့ အရသာကိုဘယ်သူကမကြိုက်မှာလဲ။ အဲလို အနည်းငယ်သောက်သုံးပေးတာဟာ ကိစ္စသိပ်မရှိပါဘူး။ ဒါပေမဲ့ အလွန်အကျွံ သောက်ခြင်းကတော့ သင့်ရဲ့အသားအရေကို ရေဓာတ်ကုန်ခမ်းစေတဲ့အပြင် အရေပြားကို ခြောက်သွေ့စေပြီးတော့ ကွာကျလာတဲ့အထိ ဖြစ်စေနိုင်တဲ့အတွက် ကန့်သတ်ချက်ထားပြီး ချင့်ချိန်သောက်သုံးသင့်ပါတယ်။

**၈။ နေ့စဉ် အသားအရေထိန်းသိမ်းခြင်းကို ပြုလုပ်ပါ။**

ဒီကိစ္စက အခက်ကြီးတော့ မဟုတ်ပါဘူး။ အခုဖော်ပြမယ့် အသားအရေ ထိန်းသိမ်းပုံစံတွေက အခြေခံကျပြီးတော့ ရိုးရှင်းတဲ့အတွက် လူတိုင်းလိုက်လုပ်နိုင်ပါတယ်။ သင့်ရဲ့ အရေပြားကို သန့်ရှင်းအောင် တစ်ရက်မှာနှစ်ကြိမ်ပြုလုပ်ပါ။ အထူးသဖြင့် မနက် အိပ်ယာထချိန်နဲ့ ညအိပ်ယာဝင်ချိန်တွေမှာ ပြုလုပ်သင့်ပါတယ်။

မနက်ခင်း မျက်နှာသစ်ပြီးချိန်မှာ အဆီခံပါတဲ့ Cream ကို ပါးပါးလေးလိမ်းပေးပါ။ ညအိပ်ယာမဝင်ခင် မျက်နှာသစ်ပြီးချိန်မှာတော့ များများလိမ်းပေးပါ။ ဘာဖြစ်လို့ သန့်ရှင်းစင်ကြယ်ပြီးမှ လိမ်းဖို့သင့်လဲဆိုတော့ စိုထိုင်းတဲ့ အသားအရေက အဆီဓာတ် နဲ့ ရေဓာတ်ကို ပိုပြီးစုပ်ယူထားနိုင်လို့ပါ။

**၉။ သင့်အစားအစာကို ဂရုစိုက်ပါ**

အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို များများစားပါ။ ဗီတာမင်ဓာတ်နဲ့ Antioxidant ဓာတ်တွေပါဝင်တဲ့ အသီးတွေကို စားသုံးပေးပါ။ ဥပမာ- မြန်မာနိုင်ငံမှာဆို စတော်ဘယ်ရီတို့ စပျစ်သီးတို့လို စားသုံးသင့်ပါတယ်။ သူများနိုင်ငံတွေမှာတော့ ဘလူးဘယ်ရီသီး၊ ရတ်စဘယ်ရီသီးနှင့် ချယ်ရီသီး အစရှိသည့် အသီးများကိုစားကြတယ်လို့ ဆိုပါတယ်။ ဒီအသီးတွေဟာ သင့်အရေပြားကို ကျန်းမာသန့်စွမ်းစေပါတယ်။ အကယ်၍ သင့်အသားအရေဟာ ရေဓာတ်ကုန်ခမ်းနေတယ်လို့ ခံစားရရင် စွပ်ပြုတ်၊ အသီးအနှံ၊ ဖျော်ရည် (သဘာဝ)နဲ့ နွားနို့တွေကို သောက်ပါ။ ဒီလိုနည်းလမ်းတွေက သင့်ခန္ဓာကိုယ်ကို အာဟာရဖြစ်စေပြီးတော့ အသားအရေလည်း လှပနေပါလိမ့်မယ်။

**၁၀။ လေ့ကျင့်ခန်းလုပ်ပါ**

အေးချမ်းလှတဲ့ ဆောင်းတွင်းမနက်ခင်းလေးမှာ သင့်ရဲ့ နွေးထွေးနေတဲ့ အိပ်ယာနဲ့ စောင်တွေကြားမှာ ကွေးနေ၊ အိပ်နေတဲ့ကြားကထပြီး လေ့ကျင့်ခန်းလုပ်ဖို့ ခက်ခဲမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ သင့်အသားအရေကို ချစ်တယ်ဆိုရင်တော့ လုပ်ဖြစ်အောင်လုပ်ပါ။ လေ့ကျင့်ခန်းလုပ်ခြင်းက နှလုံးခုန်နှုန်းကို မြန်စေတဲ့အတွက် သင့်ခန္ဓာကိုယ်အစိတ်အပိုင်းတွေနဲ့ အရေပြားတွေဆီ သွေးများများလွှတ်ပေးနိုင်ပါတယ်။ ချွေးထုတ်ခြင်းက သင့်ခန္ဓာကိုယ်မှာရှိတဲ့ အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး ချွေးပေါက်နဲ့ အရေပြားကို သန့်ရှင်းစေတဲ့အပြင် သင့်ခန္ဓာကိုယ်မှာရှိတဲ့ အစိတ်အပိုင်းတွေကို ကျန်းမာစေပါတယ်။

အထက်မှာ ဖော်ပြထားတဲ့ အချက်တွေနဲ့အညီ နေ့စဉ်ကျင့်သုံးနိုင်ပြီဆိုရင်တော့ သင့်အသားအရေဟာ ဆောင်းတွင်းတစ်တွင်းလုံး ကျန်းမာလှပနေမယ်ဆိုတာ အသေအချာပါပဲ။

မျိုးမြတ်မြတ်ပန်
Ref ; Style Craze


## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၆ - ၁၁ - ၂၀၁၈ မှ ၂၂ - ၁၁ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ နာရီ ၊ ၃ း ၃၀ နှင့် ည ၇ း ၀၀ နာရီ ပွဲချိန်များတွင် - **မုန်းစွဲ**




| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၃၆၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၇၆၀၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၈၀၀၀၀/၇၆၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၉၀၀၀၀ ကျပ် |
| CYCLONE | ၁၀၃၅၀၀၀ ကျပ် |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| အရေးအသားများ |
| --- |
| စာရေးသူ = မသီတာ (စမ်းချောင်း) |
| စာအုပ်တိုက် - နှစ်ကာလများ |
| တန်ဖိုး = ၁၀၀၀ ကျပ် |

ဆရာမ မသီတာ(စမ်းချောင်း)၏ အရေးအသား ဆယ်ပုဒ်ကို စုစည်းထားခြင်းဖြစ်သည်။ ဆရာမ၏ အရေးအသားများမှာ သစ်လွင်ဆန်းသစ်သောစကားပြေများ၊ အနက်အဓိပ္ပါယ်အမျိုးမျိုး ယူဆနိုင်သော အတွေးများ၊ ဖြာထွက်နေသော တွေးထောင့်များကို အက်ဆေးဆန်ဆန် ရေးသားထားခြင်းဖြစ်ပါသည်။ ဆရာမ၏ အရေးအသားများမှာ သမားရိုးကျမဟုတ်။ စာဖတ်သူကိုယ်တိုင် အလုပ်လုပ်ရသော အရေးအသားများဖြစ်သည်။ ဆရာမ၏ ပန်းပုခုတ်ခြင်းအနုပညာ အရေးအသားမှာ ရွှေအမြုတေအက်ဆေးဆု ရထားသော အရေးအသားဖြစ်ပါသည်။

ပန်းပုဆရာကတော့ အေးဆေးပါပဲ။ သူ့ဘဝအတွေ့အကြုံအရ စိတ်လှုပ်ရှားစွာ မတုံ့ပြန်နိုင်လေ လုံခြုံစိတ်ချ အေးချမ်းနိုင်လေဆိုတဲ့ လက်တွေ့အသုံးကျ ယုတ္တိဗေဒကျမ်းကိုလည်း ကျေလေတော့ ဘယ်လိုအပြောခံရခံရ ကျောက်ဆစ်ရုပ် ဘုတ်ထိုင်းကြီးလို ခံပစ်လိုက်တာပါပဲ။ အဲဒီခံရကျိုးတွေဟာ ဒီကနေ့မှာနန်းရင်ပြင်တိုင်အောင် ပေါက်မြောက်စေတဲ့ ရလဒ်ကို မွေးဖွားပေးတာမို့ ဘယ်သူတွေ ဘာပဲပြောပြောသူအောင်နိုင်တယ်လို့ ပြောမယ်ဆို ပြောသာနေပါတယ်။ မိုက်ကယ်အိန်ဂျလိုကသာ ကိုယ့်ရည်ရွယ်ချက်ကို နိမ့်နိမ့်လေး ထားတာဟာ အန္တရာယ်လို့ဆိုနေတာပါ။ ပန်းပုဆရာကတော့ တော်ကောက်ခံလိုက်ရပြီမို့ အရင်ကလို မင်းဘေးသင့်မှာကို ပူစရာတောင်မလိုဘူးပဲ ပြောပါတော့။

တစ်ဖက်မှာလည်း ပန်းပုဆရာလောက်မှ လက်ညီးမထောင်၊ ခေါင်းမညိတ်တတ်သူတွေနဲ့ တောထဲက သစ်ခုတ်သမားတွေဟာ သူတို့ရဲ့ ရှစ်လက်မ၊တစ်ပေရှိတဲ့ သစ်သမားပေတံကြီးနဲ့ တိုင်းထွာပြီး အမနာပ ဆိုကြတာတွေလည်း ရှိရှိလာပါတယ်။ ဒါပေမဲ့ တောသား သစ်သမားပီပီ ရွာသူတွေလောက် အမြီးအမောက်တည့်အောင် ညင်သာပျော့ပျောင်း၊ ကောက်ပင်ရိတ်လှီးဆိုတာမျိုးတွေ မစွမ်းလေတော့ တော်ဝင်နန်းထိုက်သူ အရာအတွက် သစ်ခုတ်ဆရာ ပန်းပုဆရာသာ လျှင်သင့်တော်ပေ၏လို့ နန်းရင်ပြင်အဆုံးအဖြတ်ထွက်လာပါတော့တယ်။ ဒါကြောင့်လည်းဒီကနေ့မှာတော့ တောက သစ်ခုတ်ဆရာတွေကို ကျော်ပြီး ရွာကပန်းပုဆရာဟာ နန်းရင်ပြင် ဗိုက်မှောက်တော်ကောက် ရှေ့တော်ရောက်ခဲ့ရတာပါပဲ။ ဖရဏာပီတိ လှိုင်းကြက်ခွပ်တွေက တအိအိထလို့ပေါ့။ ပန်းပုဆရာ မတွေးမိတဲ့ ပြဿနာက နန်းတော်ဗိုက်မှောက်ကျမှ ပေါ်လာပါတော့တယ်။ (စာ - ၅၂ မှ)

---




| မူယော |
| --- |
| စာရေးသူ = ချောအိမာန် (မန္တလေး) |
| စာအုပ်တိုက် = ငါတို့စာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |

ဆရာမချောအိမာန် (မန္တလေး)၏ ဒုတိယမြောက် လုံးချင်းဖြစ်သည်။ မန္တလေးကို ပျံ့သွားသလား ဝတ္ထုတိုနှင့်ရွှေအမြုတေဝတ္ထုတိုဆု၊ တောင်ကျမြူတွေဆိုင်းခဲ့ပြီ ဝတ္ထုရှည်(စ/ဆုံး)ဖြင့် ရွှေအမြုတေ ဝတ္ထုရှည်ဆုတို့ကို ရရှိထားသောဆရာမ ဖြစ်ပါသည်။ ဆရာမ၏ ပထမ လုံးချင်းလက်ရာမှာ ချယ်ရီလမ်းမထက်မှာ ဖြစ်ပြီး ဆရာမပရိတ်သတ်များ ကြိုက်နှစ်သက်ခဲ့သော စာအုပ်တစ်အုပ်ဖြစ်သည်။ ယခု “မူယော”မှာလည်း ကယန်းတိုင်းရင်းသူလေးတစ်ဦး အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။ ကယန်းဓလေ့ ရိုးရာစရိုက်သဘာဝတို့ကိုလည်း တွေ့မြင်ဖတ်ရှုကြရမည် ဖြစ်သည်။

အမိုးလှမ်းထားတဲ့ ပြောင်းဖူးတွေ အိမ်ရှေ့မှာ ဒီအတိုင်းလေး။ အမိုး အမြဲသောက်နေတဲ့၊ ချိုး ဖြစ်နေတဲ့ ရေနွေးခွက်လေး၊ အမိုးနားထင်ကို အမြဲလိမ်းခိုင်းတဲ့ ပရုတ်ဆီပုလင်းလေး၊ အမိုး သောက်ရတဲ့ ဆေးတွေ၊ အမိုး အမြဲလိမ်းတဲ့ အုန်းဆီပုလင်းတွေ၊ အမိုး လက်နဲ့ ငယ်စဉ်ကတည်းက ချက်ခဲ့တဲ့ ထမင်းအိုးနောက်တော့ထမင်းအိုးသေးလေး၊ အဖေ သေပြီး ကတည်းက အိုးသေးပြောင်း ချက်ခဲ့တာ။ အမိုး သောက်သောက်နေတဲ့ ဖက်ကြမ်းဆေးလိပ်တိုတွေ၊ ပြာတွေ၊ အမိုး ခြုံနေကျ ချည်တဘက်လေး၊ ပါးလျပြီးနောက်ပါးနေတဲ့ဖိနပ်တစ်ရံ၊ သွားတိုက်နေကျ ဆားကြမ်းတစ်ခွက်၊ စာမဖတ်တတ်ပေမယ့် အရုပ်လေးတွေကြည့်တတ်တဲ့ ဂျာနယ်အဟောင်းတွေ၊ အမိုး ထမင်းစားတဲ့ ဇလုံပေါက်စလေး၊ အမိုး မွေးတတ်တဲ့ မမွေးတဲ့ မူယော ပါးပြင်၊ အရာအားလုံးကို အမိုးထားသွားခဲ့ပြီ။

မူယောလေ အမိုးမဆုံးခင်ကတည်းက ငိုရလွန်းလို့ ငိုစရာပင်မျက်ရည်မရှိတော့။ ကြောင်စီစီ ဖြစ်နေခဲ့ပြီ။ လုံးဝ မငိုခဲ့တော့။ ဒီလိုပုံစံမျိုးကိုရော မူယောက အသဲမာတဲ့သူလို့ ပြောကြဦးမှာလား။ လူတိုင်းကိုယ်ကြိုက်သလို ပုံစံမျိုးနဲ့ ခံစားလို့မရဘူးလား။ မူယောငိုရ၊ နာကျင်ရတာရော ဘယ်သူမြင်ခဲ့လို့လဲ။ ဘုန်းဘုန်းကလွဲပြီး နှစ်သိမ့်ဖို့ရှားခဲ့တယ်။ မူယောကမ္ဘာကြီးက အမှုန်အမွှားဖြစ်ပြီး ပျောက်ကွယ်သွားခဲ့တယ်။ မူယောဘဝ မှောင်အတိကျသွားခဲ့တယ်။ (စာ-၆၅ မှ)

---

# မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
| --- | --- |
| ဆန်မွှေး | ၂၂၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ်(၁ပိဿာ) | ၁၅၀၀/၂၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| (မွေးမြူရေး )ကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၃၀၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၈၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# ဥပဒေကုစားရေးအဖွဲ့က ဥပဒေအထောက်အကူပြု သင်တန်းများ လိုက်လံပို့ချ




မြစ်ကြီးနား၊ နိုဝင်ဘာ ၁၆

Legal Clinic - Myanmar (ဥပဒေကုစားရေးအဖွဲ့)က မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့တွင် ဥပဒေအထောက်အကူပြု သင်တန်းများ လိုက်လံပို့ချနေကြောင်း သိရသည်။

လေးရက်ကြာ သင်ကြားပို့ချမည့် ယခုတစ်ပတ်သင်တန်းကို "အမျိုးသမီးငယ်များနှင့် အမျိုးသမီးများ၏ တရားမျှတမှု ရယူနိုင်ခွင့်ဆိုင်ရာ လုပ်ငန်း" (Access to Justice for Woman and Girls Project) ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၄ ရက်မှ စတင် ပို့ချနေခြင်း ဖြစ်သည်။

အဆိုပါသင်တန်းကို မြစ်ကြီးနားရုံးတာဝန်ခံဖြစ်သည့် အငြိမ်းစားခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်နှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဂျာဆိုင်းမိုင်တို့က ပို့ချနေခြင်းဖြစ်ပြီး ဥပဒေနဲ့ပတ်သက်၍ သိသင့်သိထိုက်သည်များကို လူတိုင်းသိရှိစေရန်၊ မိမိပတ်ဝန်းကျင်တွင် အမှုအခင်း တစ်စုံတစ်ရာဖြစ်လာလျှင် မိမိကိုယ်ကိုယ်ကာကွယ်နိုင်ရန်၊ အခြားသူများကိုလည်း အကူအညီပေးနိုင်ရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းနည်းပြတစ်ဦးဖြစ်သည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဂျာဆိုင်းမိုင်က ပြောသည်။

"လူငယ်တွေအနေနဲ့ ဥပဒေ ကိုသိထားရင် ရဲစခန်းပဲသွားသွား၊ ရပ်ကွက်ရုံးပဲ သွားသွား ကိုယ်က ခေါင်းမော့ပြီး သွားလို့ရတယ်။ ကိုယ်က ဘာမှသိမထားရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့ ကြောက်ရွံ့ကြောက်ရွံ့နဲ့ ဖြစ်နေတတ်တယ်။ အမှုအခင်းဖြစ်ရင် ကျွန်မတို့ဆီမှာ လိုတဲ့အကူအညီတွေ တောင်းခံနိုင်ပါတယ်။" ဟု ဒေါ်ဂျာဆိုင်းမိုင်က ပြောသည်။

အထူးသဖြင့် အမျိုးသမီးအကြမ်းဖက်မှုမှ အကာအကွယ်ပေးရေး၊ အမျိုးသမီးများအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူတိုင်းအတွက် တရားမျှတမှု ရရှိရေးတို့အတွက် လိုက်လံပို့ချနေခြင်းဖြစ်သည်ဟုလည်း မြစ်ကြီးနားရုံးမန်နေဂျာ၊ အငြိမ်းစား ခရိုင်ဥပဒေအရာရှိ ဦးမောင်မောင်က ပြောသည်။

"ဥပဒေနဲ့ပတ်သက်ပြီး ၂၄ နာရီ Hot Line ဖုန်းနဲ့ အကြံပေးတယ်။ အမျိုးသမီး၊ ကလေးအခွင့်အရေးနဲ့ ပတ်သက်ရင် အခမဲ့ အမှုလိုက်ပေးတယ်။ ဆင်းရဲနွမ်းပါးသူ မိသားစုတွေကို လူမှုရေးအထောက်အပံ့ပေးတယ်။ NGO နဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့ အကူအညီတွေပေးတယ်။ ဥပဒေအမြင်ဖွင့် သင်တန်းတွေ၊ ဥပဒေအထောက်အကူပြုသင်တန်းတွေ ပေးတယ်။ ဥပဒေကျောင်းသားတွေကို ဥပဒေနဲ့ ပတ်သက်ပြီး အသိပညာတွေပေးတယ်။ အလုပ်သင်ဆင်းချင်တဲ့ သူတွေကိုလည်း အခမဲ့သင်ပေးတယ်။ ကူညီပေးတယ်"ဟု ဦးမောင်မောင်က ပြောသည်။

Christian AID အဖွဲ့၏ အကူအညီဖြင့် လိုက်လံပို့ချနေသည့် Legal Clinic ၏ သင်တန်းတွင် သင်တန်းသားအယောက် ၃၀ စီခန့် တက်ရောက်ခဲ့ကြသည်။

ရှေ့နေများဖြင့် ဖွဲ့စည်းထားသည့် Legal Clinic အဖွဲ့ကို ၂၀၁၁ က စတင်တည်ထောင်ခဲ့ရာ မြန်မာနိုင်ငံတွင် ရုံးခွဲစုစုပေါင်း ၇ ခုနှင့် ကချင်ပြည်နယ် စီမံကိန်းဧရိယာတွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်းတို့ ပါဝင်သည်။ ထိုမြို့များတွင် တစ်နှစ်အတွင်း တစ်နေရာလေးကြိမ်စီခန့် သင်တန်းပို့ချခဲ့ပြီး သင်တန်းအမျိုးအစား အားဖြင့် အသိအမြင်ဖွင့် တစ်ရက်သင်တန်း၊ ဥပဒေအထောက်အကူပြုလေးရက်သင်တန်း၊ မွမ်းမံသင်တန်း နှစ်ရက်တို့ကိုလည်း ဖွင့်လှစ်ကြောင်း သိရသည်။

Ann

# တောင်သူများကို လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရန် ဝန်ကြီးတိုက်တွန်း

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၂

စပါး ရိတ်သိမ်းချိန်တွင် ပြည်နယ်အတွင်းရှိ တောင်သူများ လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်စေရေး အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူ/ငှားရမ်းအသုံးပြုကြစေလိုကြောင်း ပြည်နယ်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝန်ကြီးဦးမြသိန်းကတိုက်တွန်း ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုနှင့် လယ်ယာလုပ်သား ရှားပါးမှုများ ရင်ဆိုင်နေရချိန်တွင် စိုက်ပျိုး၊ ထွန်ယက်၊ ရိတ်သိမ်းမှုများ အချိန်မီဆောင်ရွက်နိုင်စေရန် သမားရိုးကျ လယ်ယာစနစ်မှ ကျွဲ၊ နွားများအစား စက်ကိရိယာများကို အသုံးပြုကြစေလိုကြောင်း မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်တွင် နိုဝင်ဘာလ ၉ ရက်က ပြုလုပ်သည့် မိုးစပါး ရိတ်သိမ်းခြွေလှေ့ခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနား၌ ဝန်ကြီးဦးမြသိန်းက တိုက်တွန်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

တောင်သူများအနေဖြင့် စက်ကိရိယာများကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်းဆောင်ရွက်ရာတွင် စက်မှုလယ်ယာဌာန၊ သမဝါယမဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့နှင့် ချိတ်ဆက်ကာ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာနမှူး၊ ဦးမောင်မောင်ဆန်းက ပြောသည်။

"တောင်သူတွေ ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းအားဖြင့် အချိန်မီရိတ်သိမ်းနိုင်မယ်။ ဆောင်းသီးနှံစိုက်ပျိုးဖို့ ပြင်ဆင်ပြီး။ မိုးလည်း မမိတော့ဘူး။ လူအင်အားနဲ့ တိရစ္ဆာန်အင်အားလည်း သက်သာမယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ အသုံးပြုသင့်ပါတယ်"ဟု ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူးက ပြောသည်။

ကချင်ပြည်နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးနိုင်သော ဧကပေါင်း ၇၇၈၉၀၀ ကျော်ရှိရာ ၇ ဒသမ ၃ ရာခိုင်နှုန်း(ဧက ၅၇၀၀၀ ကျော်)မှာ စိုက်ပျိုးခြင်းမရှိဘဲ ဧကပေါင်းမှာ ၇၂၁၇၈၀ ခန့်သာ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သီးနှံအလိုက် စိုက်ပျိုးဧကမှာ မိုးစပါး ၄၃၅၈၁၉ ဧက၊ နွေစပါး ၂၉၂၈ ဧက၊ ဆောင်းသီးနှံ ၁၂၀၉၆၁ ဧက၊ အခြားသီးနှံ ၂၈၁၂၂ ဧကရှိသော်လည်း စက်ကိရိယာသုံးစွဲမှုအနေဖြင့် မိုးစပါးသီးနှံ ၄၃၅၈၁၉ ဧကအပေါ်တွင် စက်ဖြင့် မြေယာပြုပြင်မှု ၃၁၆၂၁ ဧက၊ စက်ဖြင့် ရိတ်သိမ်းခြွေလှေ့မှု ၃၃၈၃ ဧကသာရှိကြောင်း လယ်ယာစစ်တမ်းကောက်ယူထားသည်ဟုလည်း ဆိုသည်။

ထို့ကြောင့် စက်ကိရိယာများကို တိုးတက်သုံးစွဲရန် လိုအပ်နေကြောင်း၊ တောင်သူများအနေဖြင့် စက်မောင်းနှင်မှုကို ကျွမ်းကျင်စွာ တတ်မြောက်ထားရန်လည်း လိုအပ်နေကြောင်း၊ စက်မောင်းသင်တန်းတက်လိုသူများနှင့် ငှားရမ်းအသုံးပြုလိုသူများ အနေဖြင့် မြို့နယ်စက်မှုလယ်ယာစခန်းများနှင့် ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်

# ကချင်ပြည်နယ်အတွင်း သိမ်းဆည်းထားသည့် မြေဧကလေးသောင်းခန့်ကို တောင်သူများထံ ပြန်လည်ပေးအပ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၃

ကချင်ပြည်နယ်အတွင်းတွင် မြန်မာ့တပ်မတော်နှင့် သက်ဆိုင်ရာအစိုးရ ဌာနဆိုင်ရာများက သိမ်းဆည်းထားပြီး ပြန်လည် စွန့်လွှတ်သည့် မြေများအားလုံးကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ သိရသည်။

ထိုသို့ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးသည့် အမှုတွဲပေါင်း ၂၃၁တွဲမှ မြေဧကပေါင်း ၃၉၃၉၇ ဒသမ ၄၆ ဧက ရှိကြောင်းနှင့် ပုံစံ(၃)ယာယီလုပ်ပိုင်ခွင့်လက်မှတ်ဖြင့် ပေးအပ်ထားပြီးဖြစ်သည်ဟု ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလွင်က ပြောသည်။

"အဲဒီလိုပေးထားတဲ့မြေကဘာအရှုပ်အရှင်းမှ မရှိဘူးဆိုရင်တော့ ပုံစံ(၇)မြေယာပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်လက်မှတ်ကို အခမ်းအနားလုပ်ပြီး လွှဲပြောင်းပေးဖို့ရှိပါတယ်"ဟု ဦးသိန်းလွင်က ပြောသည်။

မြေအများစုကို လွှဲပြောင်းပေးပြီးဖြစ်ကာ စားသုံးသူရေးရာဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေ ၁ ဒသမ ၆၄ ဧကသာ ရွှေကူမြို့ဘာသာရေးအဖွဲ့အစည်းတစ်ခုသို့ လွှဲပြောင်းပေးရန် ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါစွန့်လွှတ်မြေအားလုံးကို ပုံစံ(၃)မှ ပုံစံ(၇)ပြောင်းလဲရေး လုပ်ဆောင်ပေးရန် လိုအပ်နေသေးကြောင်းလည်း သိရသည်။

ယင်းမြေများမှာ အရင်ခေတ်က အများပြည်သူအတွက် စီမံကိန်းဆောင်ရွက်ရန် တပ်ရင်း၊ တပ်ဖွဲ့များနှင့် သက်ဆိုင်ရာ အစိုးရဌာနများက သိမ်းဆည်းခဲ့သည့်မြေများဖြစ်ကာ ယခုခေတ်တွင် အသုံးမလိုတော့ဘဲ ပိုနေသည့်အတွက် ပြန်လည်စွန့်လွှတ်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

မွန်းမွန်းပန်

**မြစ်ကြီးနားသတင်းဂျာနယ်တွင်ဖော်ပြပါရှိသော သတင်းများအတွက်**

**ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊**

**လက်ခံရယူခြင်းကို မိမိတို့ ဂျာနယ်တိုက်အနေဖြင့် ခွင့်မပြုပါ။**

**မြစ်ကြီးနားသတင်းဂျာနယ် ဝန်ထမ်းကတ်ပြား ကိုင်ဆောင်ထားသူများသာ**

**မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။**

**မြစ်ကြီးနားသတင်းဂျာနယ်**

# တောင်တန်းဒေသ ကျောင်းသားများဂေဟာတွင် ဒုတိယအကြိမ် ကျောင်းတွင်းစာပေဟောပြောပွဲကျင်းပမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၃

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်ရှိ တောင်တန်းဒေသ ကျောင်းသူ/သားများ ပြုစုစောင့်ရှောက်ရေး ဂေဟာ၌ လာမည့်နိုဝင်ဘာ ၂၄ ရက်၊ နေ့လည် ၂ နာရီတွင် စာပေဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း ဂေဟာတာဝန်ခံ ဦးကွာဇာခင်ထံမှ သိရသည်။

ထိုသို့ကျင်းပရခြင်းမှာ ဂေဟာရှိ ကျောင်းသူ/သားများ၊ လူငယ်များ၊ အတွေးခေါ်မြင့်မားလာစေရန်၊ စာပေကို ချစ်မြတ်နိုးပြီး ကြည့်ရှုလေ့လာတတ်ရန်နှင့် ကြိုးစားချင်စိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြောင်း ဂေဟာတာဝန်ခံ ဦးကွာဇာခင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ တိုင်းရင်းသားတွေက စာပေပိုင်းမှာ တော်တော်လေး အားနည်းတယ်။ တောင်ပေါ်က ကလေးတွေကို လေ့လာကြည့်တယ်။ သူတို့ကမလွယ်ဘူး။ စာဖတ်အရမ်း အားနည်းတယ်"ဟု ၎င်းက ပြောသည်။

ယင်း စာပေဟောပြောပွဲသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး စာရေးဆရာဇော်ခိုင်ဦး(မန္တလေး)နှင့် သရုပ်ဆောင်ဆရာ ဗေလုဝတို့က ဟောပြောသွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ကျောင်းသူကျောင်းသားများကို အထူးဖိတ်ကြားလိုကြောင်း ဂေဟာတာဝန်ခံ ဦးကွာဇာခင်က ပြောသည်။

ထို စာပေဟောပြောပွဲ တက်ရောက်ရန် ရွှေစက်ရပ်ကွက်ရှိ အသင်းတော်များဖြစ်ကြသည့် ဇဝံဂေလ(AG) အသင်းတော်၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC)၊ လော်ဝေါ်နှစ်ခြင်း အသင်းတော်နှင့် လီဆူအသင်းတော်များကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတောင်တန်းဒေသ ကျောင်းသူ/သားများ ပြုစုစောင့်ရှောက်ရေး ဂေဟာ၌ KG တန်းတစ်ဦး၊ ဒုတိယတန်း တစ်ဦး၊ တတိယတန်း တစ်ဦး၊ စတုတ္ထတန်း နှစ်ဦး၊ ပဥ္စမတန်း ၁၄ ဦး၊ ဆဋ္ဌမတန်း ၁၀ဦး၊ သတ္တမတန်း ၇ ဦး၊ အဋ္ဌမတန်း ၁၅ ဦး၊ နဝ မတန်း ၁၉ ဦး၊ ဒသမတန်း ၃၁ ဦးနှင့် တက္ကသိုလ်ကျောင်းသူသုံးဦး စုစုပေါင်းကျောင်းသား ၁၀၆ ဦးရှိပြီး ၎င်းတို့သည် ဆော့လော်၊ ချီဖွေနှင့် ခေါင်လန်ဖူးမြို့နယ်မှ ရဝမ်၊ လော်ဝေါ်နှင့် လီဆူတိုင်းရင်းသားများဖြစ်ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်

# မြစ်ကြီးနားတက္ကသိုလ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သင်တန်းဖွင့်လှစ်

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် NGO အဖွဲ့များ ပူးပေါင်း၍ မြစ်ကြီးနားမြို့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း စိတ်ပါဝင်စားသူများကို မြစ်ကြီးနားတက္ကသိုလ်တွင် နိုဝင်ဘာလ ၁၂ ရက်နေ့က သင်တန်းဖွင့်လှစ်ပို့ချနေကြောင်း သင်တန်းမှူး ဦးရွှေပြည်စိုးထံမှ သိရသည်။

အဆိုပါ သင်တန်းကို စိတ်ပါဝင်စားသူ ၃၆ ဦး လာရောက်သင်ကြားနေပြီး သင်တန်းပြီးဆုံးချိန်တွင် အုပ်စု ၆ (တစ်ဖွဲ့လျှင် ၆ ဦး)စုခွဲကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်သောလုပ်ငန်းများကို လက်တွေ့ကွင်းဆင်း လေ့လာဆန်းစစ်မှုပြုကာ စာတမ်းပြုစုသွားမည်ဖြစ်ကြောင်း သင်တန်းမှူး ဦးစီးအရာရှိ ဦးရွှေပြည်စိုးက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"မြေပြင်မှာရှိတဲ့ ဟိုတယ်လုပ်ငန်းတွေကို အဖွဲ့ခွဲပြီးမှ သွားရောက်လေ့လာမယ်။ သူတို့ မိလ္လာစနစ်တွေကို ဘယ်လိုလုပ်ထားလဲ။ ဘယ်လိုထိန်းသိမ်းမှုတွေကို ပြုလုပ်ထားလဲ။ တွေ့ရှိချက်တွေ၊ သုံးသပ်ချက်တွေကို ရေးသားတင်ပြသွားမယ်။ အဲလိုပဲ ပြင်ပဆေးရုံတွေကို သွားလေ့လာမယ်။ ပြီးရင် အစိုးရဆေးရုံတွေကို ပြန်လေ့လာမယ်။ အဲဒီမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုက ဘယ်လိုရှိလဲ။ ဒါတွေကို စာတမ်းပြုစုသွားမှာပါ"ဟု ဦးရွှေပြည်စိုးက ပြောသည်။

ထိုသင်တန်းသားများ တင်သွင်းလာသည့် စာတမ်းများအနက်မှ အကောင်းဆုံးသော စာတမ်းကိုပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်အဖွဲ့က ရွေးချယ်ပြီး ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

"အကောင်းဆုံး ရွေးချယ်ထားတဲ့စာတမ်းကို ဌာနမှာပဲ ပြီးဆုံးသွားစေတာမျိုး မဟုတ်ဘဲ ပြည်နယ်ဝန်ကြီးချုပ်အထိ တင်ပြဆွေးနွေးသွားဖို့ ရှိနေတယ်"ဟုဦးရွှေပြည်စိုးကပြောသည်။

မြစ်ကြီးနား တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးသင်တန်းကို နိုဝင်ဘာလ ၁၂ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပြီး၊ လာမည့်ဒီဇင်ဘာလ ၇ ရက်နေ့အထိ၊ သင်တန်းကာလ တစ်လနီးပါး သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

ဆိုင်း(ကချင်မြေ)

# ဗြိတိသျှကောင်စီ (မြန်မာ)က မြစ်ကြီးနားမြို့တွင် ဘဏ္ဍာရေးဆိုင်ရာ ပညာပေး အစီအစဉ် စတင်မိတ်ဆက်မည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၁၆

ကချင်ပြည်နယ်အတွက် ၂၀၁၈ ခုနှစ်ဘဏ္ဍာရေးဆိုင်ရာ ပညာပေးခြင်းအစီအစဉ်ကို ဗြိတိသျှကောင်စီ (မြန်မာ) သံရုံးက မြစ်ကြီးနားမြို့ လာမည့် ဒီဇင်ဘာလ ၈ ရက်နေ့ စတင်မိတ်ဆက်မည်ဟု သတင်းထုတ်ပြန်ထားသည်။

အသေးစား၊အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ရည်ရွယ်ထားသော ဘဏ္ဍာရေးဆိုင်ရာ ပညာပေးအစီအစဉ် (Education for Entrepreneurs - E4E Programme) ကို Standard Chartered ဘဏ်နှင့် ဗြိတိသျှကောင်စီမြန်မာသံရုံးတို့ ပူးပေါင်းပြီး မြစ်ကြီးနားမြို့ တော်ခန်းမ၌ ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါ အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်နှင့် မိမိလုပ်ငန်းတွင် ကောင်းမွန်စွာပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)သံရုံးက ထုတ်ပြန်ကြေညာထားပါသည်။

"စီးပွားရေး လုပ်ငန်းမှာ တကယ်ကို အကျိုးရှိနိုင်အောင်ပညာပေးတဲ့အစီအစဉ်တစ်ခုပါ။ ပညာပဲပေးရုံ သက်သက် မဟုတ်ဘူး။ စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ ဒီအစီအစဉ်မှာ သူ့လုပ်ငန်းနဲ့ပတ်သက်ပြီး အကြံဉာဏ်တွေပေးဖို့ တောင်းရင်ပညာပေးတာတွေ၊ အကြံပေးတာတွေလည်း လုပ်ပေးသွားမှာပါ"ဟု ဗြိတိသျှကောင်စီ မြန်မာအစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်ဂျာထွယ်အောင်က မြစ်ကြီးနား သတင်းဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်ကတည်းက စတင်ခဲ့သော ထိုဘဏ္ဍာရေးဆိုင်ရာ ပညာပေးအစီအစဉ်ကို ရန်ကုန်နှင့် မန္တလေးမြို့ကြီး အပါအဝင် မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ပုသိမ်၊ ကျိုင်းတုံ၊ ပခုက္ကူ၊ မကွေး၊ ဖျာပုံ၊ ပြည်နှင့် ထားဝယ်မြို့များတွင် စတင်ခဲ့ပြီးဖြစ်ကြောင်း ဒေါ်ဂျာထွယ်အောင်က ဆက်ပြောသည်။

ယခုနှစ်တွင် မန္တလေး၊ ဘားအံနှင့် မြစ်ကြီးနားမြို့တို့တွင် အစီအစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းဗြိတိသျှကောင်စီ(မြန်မာ) သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဆိုင်း(ကချင်မြေ)









# Miss Asia Global 2018 ပြိုင်ပွဲကြီးတွင် Miss Beautiful Face ဆု ရရှိခဲ့သော မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ကချင်တိုင်းရင်းသူ၊ လီဆူမလေး Sarah Fish နှင့် တွေ့ဆုံခြင်း




ယခုတစ်ပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ အိန္ဒိယနိုင်ငံ Kochi မြို့မှာ နိုဝင်ဘာလ ၃ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ကျင်းပခဲ့တဲ့ Miss Asia Global 2018 ကို သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ ကချင်တိုင်းရင်းသူ၊ လီဆူမလေး Sarah Fish နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

သူမကတော့ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်မှာနေထိုင်ပြီး မွေးချင်းမောင်နှမ ငါးယောက်မှာ တတိယမြောက်သမီး ဖြစ်ပါတယ်။ သူမဟာဆိုရင် မြစ်ကြီးနားတက္ကသိုလ်က B.A(Psycho),နဲ့ ဘာသာရေးဘွဲ့ဖြစ်တဲ့ B.Th ဘွဲ့ ရရှိထားသူဖြစ်ပါတယ်။ အခုလက်ရှိမှာလည်း ရန်ကုန်မြို့ရှိ Australian Dream College မှာ Business Management ပညာရပ်ကိုတက်ရောက် သင်ယူနေပါတယ်။

သူမအနေနဲ့ အနုပညာအလုပ်တွေကိုလည်း စိတ်ဝင်စားသူတစ်ယောက်ဖြစ်တဲ့အတွက် Miss လောကထဲကို ၂၀၁၇ ခုနှစ်ကစတင်ဝင်ရောက်လာခဲ့တာပါ။ အခုဆိုရင် Myanmar Entertainment Miss Asia Global Organization ကနေ စေလွှတ်တဲ့ ပြိုင်ပွဲမှာဆိုရင်လည်း မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ခဲ့ပြီး Miss Beautiful Face Award ကို ရရှိလာနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အလှမယ် Sarah ရဲ့ ပြိုင်ပွဲတစ်လျှောက် ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ သူမရဲ့ စိတ်ဝင်စားစရာအကြောင်းလေးတွေနဲ့ ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်ကနေ မေးမြန်းထားသမျှကိုပြန်လည် ဖော်ပြပေးလိုက်ရပါတယ်။

**ပထမဦးဆုံးအနေနဲ့ ညီမရဲ့ ကိုယ်ရေးအချက်အလက်လေးတွေနဲ့ ပရိသတ်တွေကို မိတ်ဆက်ပေးပါဦး။**

ဟုတ် - ညီမနာမည်ကတော့ Sarah Fish လို့ ခေါ်ပါတယ်။ အနုပညာအမည် အတူတူပါပဲ။ ညီမမွေးသက္ကရာဇ်က ၁၇-၄-၁၉၉၄ တနင်္ဂနွေသမီးပါ။

**Miss လောကကို ဘယ်အချိန်က စတင်ဝင်ရောက်ခဲ့တာလဲ။**

Miss Universe NaypyiTaw 2017 ကို စပြိုင်ခဲ့တာ။ အဲ့ဒါကတော့ညီမ Miss လောကကို စတင်ဝင်ရောက်လာခဲ့တဲ့ ခုနှစ်ပါ။

**ဒီ Missလောကကို ဘယ်လိုနဲ့ ဝင်ရောက်ဖြစ်ခဲ့တာလဲ။**

ညီမကလေ Miss Univrerse NaypyiTaw ပြိုင်တာက ပထမဆုံးအကြိမ်ပဲ။ ဟိုလို လီဆူပွဲ ဘာညာဆိုရင်လည်း ညီမ တစ်ခါမှမပြိုင်ဖူးဘူး။ ညီမက ဒီမန္တလေးမှာ ဘွဲ့ယူနေတဲ့အချိန်မှာ ပြိုင်ပွဲဝင်တွေခေါ်နေတယ် ဆိုပြီးတော့ ရန်ကုန်မှာရှိတဲ့ ဒီ လီဆူ အနုပညာရှင်များ အသင်းကနေသူတို့က Sarah ရယ် နင်ဝင်ပြိုင်ပါလားဆိုပြီး ရန်ကုန်ကိုခေါ်တာ။ ခေါ်တော့ ညီမလည်း အမေ့ကို တိုင်ပင်ကြည့်တော့ တစ်ခါမှအနုပညာကို အားမပေးတဲ့ အမေကလေ ပြိုင်ကြည့်လေသမီး. . . ပြိုင်ကြည့်. . . ဆိုတာနဲ့ ပြိုင်ဖြစ်တာပေါ့။ လီဆူ အနုပညာရှင်များ အသင်းကနေတစ်ဆင့် ညီမ ဒီပြိုင်ပွဲတွေကို ဝင်ပြိုင်ဖြစ်ခဲ့တာပေါ့။

**ညီမအနေနဲ့ ဒီ မြန်မာနိုင်ငံတွင်းမှာရော ဆုရဖူးတာရှိလား။**

စပြိုင်တော့အဲ့ဒီ Miss Universe NaypyiTaw 2017 တန်းက Second Runner Up ရခဲ့တယ်။ အဲ့ဒီနောက်ပိုင်းမှာ Miss Summer Myanmar 2017 မှာ Winner ဆုကိုရရှိခဲ့တယ်။ ဒါအတွက် ညီမက Europe ကို သွားပြိုင်ဖို့အတွက် အဲ့ဒီ Organization ကနေ စေလွှတ်ဖို့တာဝန်ရှိပြီးသား။ ညီမက တစ်နှစ်တာလုံး တခြားဘာမှလည်းမပြိုင်ဘဲနဲ့နေခဲ့တယ်။ စောင့်ခဲ့တယ်။ ဒါပေမယ့် သူတို့မလွှတ်နိုင်ခဲ့ဘူးပေါ့နော်၊ တာဝန်ပျက်ကွက်ခဲ့တာပေါ့။ အဲ့ဒီတော့နောက်ပိုင်း ဒီ Miss Asia Global Myanmar Organization ကနေ ညီမကို သူတို့မလွှတ်နိုင်တော့တာကို သိတဲ့အချိန်မှပဲ သူတို့က ညီမကို သဘောကျလို့ပေါ့။ အဲ့လိုပေါ့။ ညီမကိုအိန္ဒိယမှာသွားပြိုင်ခိုင်းတယ်။ အဲ့လိုပေါ့. . . ဟုတ်။ သူတို့က ပွဲ မကျင်းပတော့ဘဲနဲ့ တစ်ခါတည်း စေလွှတ်လိုက်တာ ပေါ့နော်။

**ဒါဆိုရင် နိုင်ငံကိုယ်စားပြုအနေနဲ့ သွားပြိုင်တာက ပထမဆုံးအကြိမ်ပေါ့နော်။**

ဟုတ်ပါတယ်. . . ဒါ ပထမဆုံး အကြိမ်ပါ။

**ဒီ Miss Asia Global 2018 ကိုရော ဘယ်လို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာလဲ။**

အဲ့ဒါက ခုနကညီမပြောသလိုပေါ့နော် သူတို့က ညီမကို တစ်နှစ်တာလုံး စောင့်ကြည့်နေတယ်။ ပြီးတော့ သူတို့က ညီမကို ကြိုက်တယ်။ သူတို့ Organization ကကြိုက်တယ်။ ဒါပေမဲ့ ညီမ ဒီ Europe ကို သွားပြိုင်ဖို့အတွက် Miss Summer Myanmar Organization ကနေ စေလွှတ်မှာဆိုတော့ သူတို့လည်း ငြိမ်ခံနေတယ်။ သူတို့က အဲ့လိုပွဲကြီးကို မြန်မာနိုင်ငံမှာ တစ်ခါ ပွဲမလုပ်နေတော့ဘူးကွာ။ တစ်ခါတည်း ညီမကို တစ်နှစ်တာလုံး ညီမရဲ့လှုပ်ရှားမှု အားလုံးကို စောင့်ကြည့် နေခဲ့တာပေါ့နော်။ သူတို့က စောင့်ကြည့်နေခဲ့တော့ ညီမ ဒီ Miss Summer မပြိုင်ဖြစ်တော့ဘူး ဆိုတာနဲ့ ညီမကိုတစ်ခါတည်းဝင်ပြိုင်ဖို့ ကမ်းလှမ်းလာခဲ့တာပေါ့နော်။ သူတို့ Organization ကလည်း ရွေးချင်တယ်ပေါ့နော်၊ ညီမရော အဆင်ပြေနိုင်မလားပေါ့။ ညီမလည်း ပွဲတစ်ခု မပြိုင်ဖြစ်တာနဲ့ အတော်ပဲလေနော်၊ ပြင်ဆင်နေတဲ့အတောအတွင်းလည်းဖြစ်နေတဲ့အခါကျတော့ ဝင်ပြိုင်မယ်လို့ပြောပြီး ပြိုင်ဖြစ်တာပေါ့။ သူတို့က ၅ လ လောက်ကြိုတင်ပြီးတော့ ကမ်းလှမ်းလာခဲ့တယ်။ အဲ့ဒီတော့ ညီမအတွက် ပြင်ဆင်ချိန် ပိုရှိသွားတာပေါ့။ သူတို့က Casting အရင်ရွေးပြီးမှ Media မိတ်ဆက်ပွဲတစ်ခါတည်း လုပ်လိုက်တာပေါ့။

**သွားမပြိုင်ခင် ပြင်ဆင်ရတဲ့အပိုင်းနဲ့ပတ်သက်ပြီး အခက်အခဲအနေနဲ့ ဘာတွေရှိခဲ့လဲ။ ဘယ်လိုတွေပြင်ဆင်ခဲ့ရလဲ။**

ညီမက ပြင်ဆင်ချိန် ၅ လ လောက်ရှိခဲ့တယ်။ ပြင်ဆင်ချိန်ရှိရင်လည်း နည်းနည်းလောက် ညီမအတွက် အခက်အခဲ ဖြစ်သွားတာကတော့ ညီမကျန်းမာရေးကြောင့် အရေးပေါ် Operation လုပ်ထားတာ မကြာသေးဘူး။ ဒီဆေးရှိန်တွေကြောင့် ပွသွားတယ်လို့ ပြောရမလား။ ဗိုက်တွေလည်း အဆီတွေနဲ့ဝသွားတယ်။ ညီမအတွက် Gym က အမီဆော့ရတော့မယ်။ Gym ဆရာတွေကလက်မခံဘူး၊ သူတို့လည်း မဆော့ခိုင်းဘူး၊ ခွဲစိတ်ထားတာ သိပ်မကြာသေးတော့ စိုးရိမ်တာပေါ့။ ညီမ အဲ့ဒီ အတွက်ကြောင့်လည်း အများကြီး Worry ဖြစ်သွားတယ်။ ဟာ. . . ငါပြိုင်ပွဲလည်းနီးလာပြီပေါ့။ ငါဘယ်လိုလုပ်ရမလဲပေါ့။ အဲ့နောက် ပိုင်းတော့ ညီမ' မတတ်သာတဲ့အဆုံး Gym ဆော့တာထက် အစားနဲ့ပဲ ဒီ Diet Plan နဲ့ပဲ သူများထက်အစားလည်း အများကြီးလျှော့စားခဲ့ရတယ်။ အသီးတွေများများစား။ ညနေပိုင်းဆိုရင်လည်း အစားလျှော့စားနဲ့။ ညီမအနေနဲ့ ဒီ Body ပိုင်းဆိုင်ရာမှာ Train ဖို့ နည်းနည်းအဆင်မပြေဖြစ်သွားတယ်။ ဒါပေမဲ့ အဲ့ဒီလောက်ကြီးလည်း ကိုယ့်ကိုယ်ကိုယ် ကြည့်ရမဆိုးသွားဘူးလို့တော့ ထင်တယ်ပေါ့နော်။ ညီမအတွက်ကျ အဲ့ဒါက အခက်ခဲဆုံးပေါ့နော်။ ကျန်တာတွေကကျတော့ ညီမအတွက်တော့ ဒီအင်္ဂလိပ်စာဆိုရင်လည်း ကိုယ်ပိုင် Self Study, Self Training နဲ့ပဲ လေ့ကျင့်ခဲ့ရတယ်။ အဲ့လိုပေါ့ Supporting သိပ်မရှိဘူး. . . ညီမမှာလေ။ Organization အရမ်းကြီးမတောင့်ဘူး၊ အဆင်မပြေတော့ ကိုယ့်ဟာကိုယ်ပဲ လေ့ကျင့်ယူခဲ့တယ်။ ဟုတ်. . အခက်အခဲတွေ အများကြီးကနေ ပြင်ဆင်ခဲ့ရတယ်။

**သွားပြိုင်တော့ရော နိုင်ငံပေါင်း ၂၆ နိုင်ငံက Miss တွေပါတယ်ပေါ့နော်။ သူတို့နဲ့ ယှဉ်ပြိုင်တဲ့အခါမှာရော ကိုယ့်အတွက် စိန်ခေါ်မှုတွေ အနေနဲ့ ဘာတွေ ရှိခဲ့လဲပေါ့။**

ညီမအတွက်ကတော့အဲ့လိုမျိုးတော့မရှိဘူး။ ညီမအတွက်က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားပြိုင်တာ ဒါပထမအကြိမ်ဆိုတော့လေ။ ညီမအတွက်က အဲ့လိုမျိုး စိတ်တော့မရှိပေမယ့် ငါဟာ သူတို့တွေ့ရင် ဘယ်လိုနေမလဲ။ ပြီးတော့ မြန်မာနိုင်ငံကလူတွေကလေ သူတို့နဲ့ယှဉ်ရင် သေးသွားကြတယ်။ အရပ်ပိုင်းဖြစ်ဖြစ်၊ သူတို့လောက်မရှည်ဘူး။ အဲ့လိုမျိုးဖြစ် တတ်လို့ပေါ့နော်။ ကိုယ် ဟိုရောက်ရင်လည်း ကိုယ်က အသေးဆုံး ဖြစ်သွားမလားဆိုပြီး တွေးမိတာတော့ ရှိတယ်။ သူတို့ Page ကနေ တက်လာတဲ့ပုံတွေ ဆိုရင်လည်း အရမ်းလှတဲ့သူတွေပဲဆိုတော့ မသွားခင်လေး နည်းနည်းရှိန်တာတော့ ရှိတယ်။ စိတ်လည်း အရမ်းလှုပ်ရှားတယ်။ သွားလိုက်တော့လည်း ဒီလိုပါပဲ အဆင်ပြေသွားတယ်ပေါ့။ မသွားခင်လေးနည်းနည်းရှိန်တာလောက်တော့ ရှိခဲ့ပါတယ်။

**ပြီးတော့ ညီမအနေနဲ့ ပြိုင်ပွဲနဲ့ပတ်သက်ပြီး အမှတ်တရလေးတွေ ရှိခဲ့မှာပဲလေနော်။ ပရိသတ်တွေကို ပြောပြပေးပါဦး။**

အမှတ်တရလား. . . အများကြီးရှိခဲ့တယ်။ ဘာလို့ဆို သူများနိုင်ငံက လာပြိုင်တဲ့သူတွေဆိုပြီး သိပ်ရှိန်စရာမရှိဘူး။ သူတို့လည်း အင်္ဂလိပ်စာမတတ်တဲ့သူတွေ အများကြီးပါတယ်။ ကိုယ့်ရဲ့အခန်းဖော်ဆိုရင်လည်း ရုရှားကဟုတ်တယ်။ သူက စစတုန်းက ညီမကို စကားလည်းမပြောဘူး သိလား။ Room-Mate သာပြောတာ စကားမပြောဘူးသိလား။ နောက်ပိုင်းကျတော့ ညီမ စိုးရိမ်လာတယ်။ ညီမတစ်ခုခုမေးတိုင်း I..don't.. un..der.. stand.. ဆိုပြီး ပြောတော့ . . အော်. . ငါပြောတာများ မှားနေတာလား။ တစ်ခုခုဖြစ်လို့လား၊ စိတ်တွေရှုပ်ဖြစ်ခဲ့ရတယ်။ နောက်တစ်ရက်နှစ်ရက်နေမှ သူကအင်္ဂလိပ်လိုလုံးဝကို မပြောတတ်တာ သိခဲ့ရတော့ အဲ့ဒါကြောင့်ကိုး . . . ဆိုပြီး ဖြစ်ခဲ့ရတယ်။ အစကလေ မြန်မာဆိုတာနဲ့ သူများကအထင်သေးချင်တာလေ။ အဲ့ဒါကြောင့်မို့ ညီမကို စကားမပြောချင်တာလားဆိုပြီး ထင်ခဲ့တယ်။ နောက်ပိုင်းကျတော့ သူ့ကိုယ်သူ အားငယ်ပြီးတော့ မပြောဖြစ်တာကိုသိတော့ ညီမတို့နှစ်ယောက်က ရယ်လည်း တော်တော်ရယ်ရတယ်။ ဘာလို့ဆို နှစ်ယောက်သား Translator Application နဲ့ ဆက်သွယ်ကြတယ်။ အဲ့ဒါကတော့ အရမ်းအမှတ်တရဖြစ်ပါတယ်။ နောက် အမှတ်တရအဖြစ်ဆုံး တစ်ခုကတော့ Talent Competition မှာ လီဆူရိုးရာဝတ်စုံနဲ့ ဝင်ပြိုင်ခဲ့တယ်။ အဲ့ဒီအချိန် ညီမအလှည့်ရောက်တော့ မြန်မာဆိုပြီး တက်ခါနီးမှာ ချိတ်ကပြုတ်သွားတယ်၊ ကွဲသွားတယ်။ ဆရာမရယ် သမီးသွားလဲမယ်ဆိုတော့ Chance မရှိဘူး။ ကိုယ့်အလှည့် ပြီး

စာ - ၁၇ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(နိုဝင်ဘာ ၁၉ ၊ ၂၀၁၈)




သွားပြီဆိုရင်ကျော်သွားမှာ ဆိုတော့ပေါ့နော်. . . ဟာသလည်းဖြစ်သွားတယ်။ အဲ့လိုတော့ရှိခဲ့တယ်. . . ဟုတ်။

**ပြိုင်ပွဲဝင်တော့ရော ညီမအနေနဲ့ အဆင်မပြေတဲ့အပိုင်းတွေရှိခဲ့လား။**

ဒီပြိုင်ပွဲက နည်းနည်းတော့ ကျပ်တယ်။ သူတို့က ရုပ်လှတာမလှတာထက် အဓိက Question and Answer ကို အရမ်း ကြည့်တယ်။ ပြီးတော့ သူတို့က နှုတ်တိုက်နဲ့ အရင်ဖြေတယ်။ ရှုရှားမတွေဆိုရင် အင်္ဂလိပ်စကား သိပ်မပြောတတ်ဘူး။ အဲ့ဒီတော့ Translator တွေကို ခေါ်ခွင့်ရှိတယ်။ ညီမလည်း ခေါ်ချင်တာပေါ့အစ်မရယ်။ မြန်မာနိုင်ငံကနေ Translator ပြန်ခေါ်ဖို့ ဆိုတာက ကိုယ်ကအဲ့လောက်ကြီး Background တောင့်တဲ့ သူလည်းမဟုတ်ဘူး. . . မခေါ်နိုင်ခဲ့ဘူး။ သူများနိုင်ငံ ဗီယက်နမ်ဆိုရင်လည်း အကုန်လုံးခေါ်တယ်။ ညီမအတွက်တော့ အခက်အခဲ ဖြစ်ခဲ့တယ်။ နောက် အရမ်းအဆင်မပြေတာကကျတော့ နှစ်ခုရှိတယ်။ တစ်ခုက ညီမကအိန္ဒိယတွေပြောတဲ့ အင်္ဂလိပ်ကို နားထောင်ရတာခက်တော့ ပြန်ပြန်မေးနေရတယ်။ ပြီးတော့ ညီမက မဆလာအနံ့ကို လုံးဝမခံနိုင်ဘူး။ အစားလည်း အဆင်မပြေခဲ့ဘူး။

**အခက်အခဲတွေ ကြားကနေ ဘယ်လိုခွန်အားယူ ရှေ့ဆက်ခဲ့လဲ။**

ဟိုရောက်တော့ ညီမတစ်ယောက်တည်းဆိုတော့ အားငယ်နေရင်လည်း ခဏပဲ။ အ ၁ း င ယ ် ေ န ရ င ် လည်း ဘယ်သူမှငါနင့်အတွက် လုပ်ပေးမယ် ဆိုတာလည်း မရှိဘူးလေ။ အဲ့ဒီတော့ ညီမတကယ် ဆုပဲတောင်းတယ်။ ကိုယ့်ဟာကိုယ် ဘာမှမလုပ်နိုင်တဲ့အချိန်၊ အားငယ်တဲ့အချိန်တွေ ရှိခဲ့တယ်။ အဆင်မပြေမှုကြုံလာပြီဆိုရင်လည်း ငိုချင်လာတယ်။ ဘယ်သူမှ အားပေးမယ့်သူမရှိဘူး။ ကိုယ်ကလည်း တိတ်တိတ်ပုန်းပဲငိုတာကိုး။ နောက်ပိုင်းကျတော့ ကိုယ့်ဟာကိုယ် ဘုရားဆီမှာပဲ ဆုတောင်းတယ်၊ ခွန်အားယူတယ်။ အဲ့လိုမျိုးနဲ့ ကိုယ်ငိုနေလို့ရော ဘာရမှာလဲပေါ့နော်၊ ကိုယ့်ကိုယ်ကိုယ်ခွန်အားပေးပြီး ကြိုးစားခဲ့တယ်။

**ကိုယ့်အနေနဲ့ နိုင်ငံကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်တဲ့အခါမှာရော ဝန်ထုပ်ဝန်ပိုးဖြစ်မိတာရောရှိလား။**

အဲ့လိုမျိုးတော့မရှိဘူး။ ဒါပေမဲ့ စိတ်ထဲမှာလေ၊ ဩော် . . . ငါ မြန်မာနိုင်ငံကိုယ်စားပြုတစ်ယောက်အနေနဲ့ သွားရတဲ့ သူဆိုတော့နော် ကိုယ့်ကိုလူတိုင်းက စောင့်ကြည့်နေကြပြီလေ။ မြန်မာ . . မြန်မာ. . ဆိုပြီးမှ။ မြန်မာတွေကလေ တကယ် အရမ်းချစ်ဖို့ကောင်းတယ်။ အကုန်လုံးပဲ တိုင်းရင်းသား/သူအားလုံး ပါပြီလေနော်။ တကယ်လည်း ခွန်အားအရမ်းရှိတယ်။ ညီမကကျတော့ Fan တွေ အများကြီးရှိတယ်၊ Facebook မှာလည်း ပရိသတ်အရမ်းများတယ်နော်လို့ သူတို့ကပြောလာတော့ သူများရှေ့မှာ အရမ်းခွန်အားရတယ်၊ ဂုဏ်ယူစရာလည်းဖြစ်တယ်။ ပြိုင်နေတဲ့အချိန်ဆိုရင်လည်း Live လွှင့်ရင်လည်း မြန်မာ. . . မြန်မာဆိုပြီး တက်လာတော့ ကိုယ့်အတွက် ခွန်အားတစ်ခုဖြစ်ခဲ့တယ်။ တစ်ဖက်ကကြည့်မယ် ဆိုရင်တော့ ကိုယ့်အတွက် တာဝန်ပိုကြီးသွားသလိုဖြစ်တယ်။ သူတို့အတွက် ဆုတစ်ခုသာမရနိုင်ခဲ့ဘူးဆိုရင် ဆိုပြီးစိုးရိမ်တဲ့အပိုင်းတွေတော့ရှိခဲ့တယ်။ Winner မရသော်လည်း Title Award ဆုတစ်ခုကိုတော့ ရခဲ့တယ်ပေါ့နော်။

**အခုဆိုရင် ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုလေးကြောင့် နိုင်ငံကိုယ်စားပြုအနေနဲ့ ဆုကြီးတစ်ခုကို ရရှိခဲ့တဲ့အတွက်ရော ဘယ်လိုခံစားရလဲ။**

တကယ်ကို အရမ်းပျော်တာပဲရှိတာပေါ့နော်။ ပျော်တယ်ဆိုတဲ့စကားထက်လည်း ထပ်ပြောလို့လည်း မရတော့ဘူး။ တကယ်ကို စိတ်ထဲကနေ အရမ်းပျော်ခဲ့တယ်။ ဘာလို့ဆို ဘာမှလက်ကြီးဗလာနဲ့ ပြန်လာရတာထက်စာရင် ဆုကြီးတစ်ခု ရရှိလာတဲ့အတွက် အရမ်းပျော်တယ်။ ဒီ Miss Beautiful Face Title Award ကလေ တကယ်ကို မယုံနိုင်စရာပေါ့နော်။ ဘုရားကောင်းချီးပေးတာပဲနေမှာပေါ့။ ဒီ Title Award က သူများမလှလို့တော့မဟုတ်ဘူး။ တကယ်လည်း ဒီပြိုင်ပွဲမှာပါတဲ့သူတွေက အားလုံးအရမ်းလှကြတယ်။ အဲ့ဒီ လှနေကြတဲ့လူတွေကြားကနေ အခုလိုမိုး မြန်မာကရသွားတော့ ဂုဏ်ယူစရာဖြစ်တယ်ပေါ့နော်။ ဒါပေမဲ့ ဂုဏ်ယူပြီးတော့ မြောက်သွားဖို့တော့ မဟုတ်ဘူးပေါ့နော်။ ဒါက ဘုရားပေးတဲ့ ကောင်းချီးတစ်ခုလို့ပဲ ခံယူပါတယ်။

**နောက်ပြီး အိန္ဒိယနိုင်ငံသွားတော့ ညီမအနေနဲ့ စိတ်ထဲမှာစွဲထင်နေတဲ့ သူတို့ရိုးရာတစ်ခုကို ပရိသတ်တွေကို ပြောပြပေးပါဆိုရင်ရော။**

အန္ဒိယ Cultureတစ်ခုပြောရမယ်ဆိုရင် သူတို့မှာ အရမ်းချစ်စရာကောင်းတဲ့ အမူအရာတစ်ခုရှိတယ်။ အဲ့ဒါကတော့ သူတို့က တစ်ခုခုပြောလိုက်ပြီဆိုရင် ခေါင်းလေး ရမ်းရမ်းသွားတယ်ပေါ့နော်။ အစက ညီမက ဘာလဲပေါ့နော် Culture Shock နည်းနည်းဖြစ်တယ်။ ညီမက အိန္ဒိယကားဆိုရင်လည်း အရမ်းကြည့်တယ်ဆိုတော့ ဇာတ်ကားထဲမှာပဲ လှအောင်ချစ်စရာကောင်းအောင် လုပ်တယ်ထင်တာ၊ တကယ်လည်း သူတို့က အပြင်မှာလည်း အဲ့လိုလုပ်တယ်။ သူတို့အတွက်တော့ OK လို့ ပြောလိုက်တာပဲ။ ပြီးရင် နောက်တစ်ခုကကျတော့ သူတို့က အမြဲတမ်းတွေ့တိုင်း လက်လေးကိုစုပြီး နာမားစတေး ဆိုပြီး နှုတ်ဆက်တယ်။ တစ်ခုတစ်ခုဆိုရင်လည်း Thank you, Sorry နဲ့ အဲ့ဒါတွေကတော့ တကယ် အရမ်းချစ်စရာကောင်းတယ်။ တစ်ခုပြောချင်တာက အဲ့ဒီကို သွားမယ်ဆိုရင်တော့ Culture Shock မဖြစ်အောင် အဲ့ဒါတွေကိုတော့ ကျင့်သွားသင့်တယ်လို့ ထင်တယ်။

**ညီမအနေနဲ့ အခြားအနုပညာနဲ့ပတ်သက်ပြီး စိတ်ဝင်စားတာတွေရောရှိလား။**

ဝါသနာလည်း ပါတယ်၊ စိတ်လည်း ဝင်စားတယ်။ နည်းနည်းပါးပါး လုပ်တတ်တဲ့အရာဆိုရင်တော့ညီမ ဂီတာတီးတတ်တယ်။ အဲ့လိုမျိုးပေါ့။ သီချင်းတွေဆို အသံကတော့ မကောင်းဘူးပေါ့လေ။ အခြားဆိုရင်တော့ သရုပ်ဆောင်လည်း ဝါသနာပါတယ်။

**အခုဆိုရင် Miss တစ်ယောက်အနေနဲ့ နာမည်တစ်ခုလည်း ရလာပြီဆိုတော့ နောက်ပိုင်းကျရင်ရော အနုပညာနဲ့ပတ်သက်ပြီး ရှေ့ဆက်လုပ်သွားဖို့ စဉ်းစားထားတာတွေရော ရှိလားပေါ့။**

ညီမအနေနဲ့ သရုပ်ဆောင်လည်း ဝါသနာပါတယ်ဆိုတော့ MTV ရိုက်ထားတာတွေရောရှိတယ်။ နောက် ကမ်းလှမ်းလာမယ် ဆိုရင်လည်း လုပ်သွားဖို့ ရှိပါတယ်။ ပြိုင်ပွဲနဲ့ပတ်သက်ရင်တော့ ဒါ ပထမဦးဆုံး အတွေ့အကြုံပေါ့နော်။ ဆိုတော့ ညီမကိုယ်တိုင် သိပ်အားမရသေးဘူး။ နောက် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Organization တစ်ခုခုကနေ ကမ်းလှမ်းလာမယ် ဆိုရင်တော့ ဝင်ပြိုင်ချင်ပါသေးတယ်။ ကိုယ့်အတွက် ကြိုးစားချိန်သိပ်မရလို့ အားနည်းချက်တွေရှိခဲ့တယ်။ ကိုယ့်အနေနဲ့ ကိုယ်မလုပ် နိုင်ခဲ့တဲ့ဟာတွေကို ထပ်ပြီးကြိုးစားချင်သေးတယ် အဲ့လိုစိတ်ကူးထားတယ်။

**ညီမအနေနဲ့ တက်သစ်စ Miss တွေကိုရော ဘယ်လိုခွန်အားတွေပေးချင်လဲ။ ဖြည့်စွက်ပြီး ပြောပြပေးပါဦး။**

အခု မြန်မာနိုင်ငံမှာက Miss တွေက တော်တော်လေးများလာတယ်။ ဖြစ်ချင်တာများလာတယ်။ အဲ့ဒါဆိုတော့ ကိုယ်ကလေ တစ်ခုခု လုပ်တော့မယ်ဆိုရင်လေ အတွေ့အကြုံအရမ်းရှိလို့ ပြောတာတော့ မဟုတ်ဘူးပေါ့နော်။ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံကို မျှဝေပေးချင်တာကတော့ တစ်ခုစဉ်းစားရမှာက ငါက မြန်မာနိုင်ငံမှာပဲ ပြိုင်မှာလား၊ မြန်မာနိုင်ငံကိုယ်စားပြု တစ်ယောက်ဖြစ်အောင် လုပ်မှာလားပေါ့။ ကိုယ် အဲ့လိုဆုံးဖြတ်ထားလို့ရှိရင် ကိုယ် အနီးကပ်ရောက်မှ မဟုတ်ဘူး၊ ပြင်ဆင်ချိန်လေး ယူပြီးတော့ အင်္ဂလိပ်ပိုင်းရော၊ Physically ရော Mentally ပိုင်းရော အရမ်းအရေးကြီးတယ်။ ကိုယ်က အားငယ်နေရင် ကိုယ်ပဲရှုံးသွားမှာ။ ပြီးတော့ Inner Beauty ရော အရမ်းလိုတယ်။ ကိုယ်က နိုင်ငံကိုယ်စားပြုတစ်ယောက် အနေနဲ့ သွားပြိုင်ရင် အဲ့ဒါတွေအရမ်း အရေးကြီးတယ်။ Sarah တို့ပြိုင်ပွဲမှာလည်း တချို့တွေ မပါလာကြဘူး။ အဲ့လိုမျိုးဆိုရင် ဟာဒီနိုင်ငံက စိတ်ဓာတ်က ဘယ်လိုဖြစ်တယ် ပေါ့နော်။ Sarah တောင်မှ အဲ့လိုတွေးမိတာတွေရှိခဲ့တယ်။ အဲ့တော့ သူများကို အကောင်းတွေချပြနိုင်အောင် Physically,Mentally ပိုင်းရောအကုန်လုံးကိုပြင်ဆင်ပြီး သွားပြိုင်ဖို့တိုက်တွန်းချင်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ညီမကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးအများကြီး တင်ပါတယ်။

ညီမလည်း ကျေးဇူးအများကြီးတင်ပါတယ်လို့။ ကိုယ့်ရဲ့ ကချင်ပြည်နယ်သူ၊ မြစ်ကြီးနားသူတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပြီးတော့ အချိန်ပေးမေးမြန်းပေးတဲ့အတွက် ကျေးဇူး အများကြီးတင်ပါတယ်။

Benadeth



# စစ်ကိုင်း၊ မြဝတီနှင့် ပြင်ဦးလွင်မြို့ သုံးမြို့ကိုယ်စားပြု အိမ်ထောင်ရှင် အလှမယ်များကို မြစ်ကြီးနားမြို့တွင် ရွေးချယ်




မြစ်ကြီးနား၊ နိုဝင်ဘာ ၁၄

စစ်ကိုင်း၊ မြဝတီနှင့် ပြင်ဦးလွင်မြို့ သုံးမြို့ ကိုယ်စားပြု Mrs. Summer International 2019 အိမ်ထောင်ရှင်အလှမယ်များကို မြစ်ကြီးနားမြို့တွင် နိုဝင်ဘာလ ၁၂ ရက်နေ့က Casting စနစ်ဖြင့် ရွေးချယ်ခဲ့ကာ စစ်ကိုင်းမှ မနန္ဒာဝင်း၊ မြဝတီမှ မချွေနှင်းနှင့် ပြင်ဦးလွင်မှ မဆုမွန်သိန်းတို့ Winner ဆုနှင့် သရဖူ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့သုံးမြို့ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်များကို ၎င်းတို့နေထိုင်ရာမြို့များတွင် ပြိုင်ပွဲကျင်းပ ရွေးချယ်ရမည် ဖြစ်သော်လည်း Mrs. Summer International Organization မှ တာဝန်ရှိသူများ ကိုယ်တိုင်သွားရောက်ရန် ခက်ခဲခြင်း၊ မြို့နယ်တာဝန်ခံ City Director များခန့်အပ်ရန် အခက်အခဲရှိခြင်းကြောင့် မြစ်ကြီးနားမြို့တွင် အကဲဖြတ်အမှတ်ပေးပြီး Crown နှင့် စလွယ် အပ်နှင်းပွဲ ပြုလုပ်ရခြင်းဖြစ်သည်ဟု မြစ်ကြီးနားမြို့မှ National Director ကိုပြည့်စုံအောင်က ပြောသည်။

"အရမ်းဝေးတဲ့နေရာတွေဆိုရင် ပွဲမလုပ်ပေးနိုင်ဘူး၊ မြဝတီဆိုလည်း မသွားနိုင်ဘူး၊ ဒီ(မြစ်ကြီးနား)မှာပဲ ရွေးချယ်ခဲ့တယ်။ ပြီးတော့ ကိုယ် မကျွမ်းကျင်တဲ့ဘက်ဆိုတော့ ခက်ခဲတယ်လေ။ အဲ့ဒီ အတွက်ကြောင့် ကျွန်တော်တို့ Organization ကနေ သတ်မှတ်ထားတဲ့ စံနှုန်းနဲ့ကိုက်ညီတဲ့သူတွေကို Casting နဲ့ ရွေးချယ်ခဲ့ပြီး မီဒီယာမိတ်ဆက်ပွဲလေး လုပ်လိုက်တာပေါ့"ဟု ကိုပြည့်စုံအောင်က ပြောသည်။

Mrs. Summer International Myanmar 2019 အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ မြို့ ၂၀ တွင် Casting စနစ် (အဖွဲ့အစည်း တာဝန်ရှိသူများမှ အကဲဖြတ်အမှတ်ပေး ရွေးချယ်သည့်စနစ်)ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ကျန်မြို့ ၂၀ တွင် ပွဲများ ပြုလုပ်၍ ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲများ၏ နောက်ဆုံးအဆင့် Grand Final ပွဲကြီးကို မြစ်ကြီးနားမြို့တွင် ပထမအကြိမ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကိုပြည့်စုံအောင်က ပြောသည်။

"ပုံမှန်အားဖြင့်ဆိုရင် တိုင်းဒေသအားလုံး ရန်ကုန်မှာပဲ သွားပြိုင်ရတယ်။ အခုတော့ အဲ့ဒီလိုမဟုတ်တော့ဘူး၊ ရန်ကုန်ကအစ၊ နေပြည်တော်အားလုံး မြစ်ကြီးနားမှာပဲ လာပြိုင်ရမှာ"ဟု ၎င်းက ပြောသည်။

Mrs. Summer International 2019 အိမ်ထောင်ရှင် အလှမယ်များကို မြစ်ကြီးနားမြို့၊ ဖားကန့်၊ မိုးညှင်း၊ ပူတာအို၊ မိုးကုတ်၊ မူဆယ်၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်မြို့များတွင် ရွေးချယ် ခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသေးသော မြို့များကိုလည်း ဇန်နဝါရီလနောက်ဆုံးထား၍ အပြီးသတ်ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။

Grand Final ပြိုင်ပွဲကြီးကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင်မြစ်ကြီးနားမြို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ယင်းပွဲတွင် Winner ရရှိသူသည် မြန်မာ နိုင်ငံကိုယ်စားပြုအဖြစ် အမေရိကန်နိုင်ငံတွင် ဆက်လက်သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Benadeth

## လူပျောက်ကြော်ငြာ





လီရန်လင် အသက် ၇၂ နှစ်(၁၀.၃.၁၉၄၇)၊ မှတ်ပုံတင်အမှတ် (၅၃၃၁၂၁၁၉၄၇၀၃၁၀၀၂၁၁) အရပ် ၁၇၈ cm ၊ ကိုယ်ထည်ထောင်ထောင်မောင်းမောင်း၊ မျက်နှာ လေးထောင့်၊ မျက်လုံးကြီးကြီး၊ မျက်ခုံးမွှေးထူ၊ ဖြူဖွေးစီရီသောသွားပြုံးရယ်ခြင်းကိုနှစ်သက်သည်၊ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ၊ မန်ရှီမြို့ သကြားစက်ရုံမှပင်စင်ယူသည်၊ ဘယ်ဖက်လက်ညှိုးတွင် လက်သည်းတစ်ဝက်သာရှိသည်၊ လည်ပင်း၏ညာဖက်တွင်ကြွက်နို့များပေါက်သည်၊ စကားပြောလျှင် ယူနန်ပေါင်ရှန်းလေသံပေါက်သည်၊ ရှမ်းစကားတတ်သည်၊ တရုတ်(ပြည်မကြီး)စကားတတ်သည်၊ ပျောက်ဆုံးနေသည်မှာ၁၇ နှစ်တိုင် ကြာမြင့်နေပြီဖြစ်သည်၊ လီရန်လင်သည် ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၁၇ ရက် က ပျောက်ဆုံးချိန်တွင် စိတ်ပုံမှန်ရှိသည်၊ မှတ်ပုံတင်ကိုင်ဆောင်သွားသည်၊ လွန်ခဲ့သောနှစ်များတွင် ပျောက်ဆုံးသူကို မိုင်ဂျာယန်တွင် တွေ့သည်ဟု အချို့ပြောကြသည်၊ ဇနီးဖြစ်သူသည် ၂၀၀၈ ခုနှစ် ဥလပိုင်းတွင်ဆုံးပါးသွားပြီဖြစ်ပြီး ယခုအခါအသက် ၄၀ အရွယ်ရှိသော သမီး ၂ ယောက် ကျန်ရှိနေသေးသည်၊ **အကယ်၍ ပျောက်ဆုံးသူဖခင်အားရှာဖွေတွေ့ရှိသူကို ငွေကြေးအမြောက်အများဖြင့် ကျေးဇူးဆပ်ပါမည်၊**

**သမီးလီဟုန် - ဖုန်း-၁၃၈၀၈၇၀၀၈၀၃၊ သမီးလီလီ - ဖုန်း- ၁၈၀၈၈၂၀၀၂၅၆**
**တက်ဟုန်းပြည်နယ်ခွဲ၊ ကုန်သည်ကြီးများအသင်း၊ မြစ်ကြီးနားမြို့၊ ဖုန်း - ၀၉၂၅၈၇၉၈၉၈၁**




မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်



မြစ်ကြီးနားမြို့ရှင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့၊
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်ခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇) ၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။





## ကျန်းမာရေးနဲ့ Star Light RO ရေသန့်

လူတစ်ယောက်ဟာ ကျန်းမာရေးအတွက် တစ်နေ့ကို ရေရှစ်ခွက်ကနေ ဆယ်ခွက် ဒါမှမဟုတ် တစ်နေ့ကို နှစ်လီတာအထိ အနည်းဆုံး သောက်ပေးသင့်ပါတယ်။ ရေကောင်းရေသန့်ရရှိဖို့ဆိုတာ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာပဲဖြစ်ပါတယ် သောက်ရေမသန့်ရှင်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အများအပြားဖြစ်ပွားခဲ့တာ အားလုံးအသိပဲ မဟုတ်လား။

၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ မှာ သန်း ၂၀၀ ကျော်လောက်ဟာ မသန့်ရှင်းတဲ့ သောက်သုံးရေကြောင့် သေဆုံးခဲ့ကြရတယ်လို့ သိရပါတယ်။ သောက်ရေကို ပစ်စလက်ခတ် မသောက်သုံးဖို့အတွက် အကြံပြုချင်ပါတယ်။

ရေသန့်တွေထဲမှာမှ ဒီတစ်ပတ်မှာတော့ Star Light သောက်ရေသန့်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ Star Light ဆိုတဲ့ နာမည်ကတော့ စာဖတ်ပရိသတ်ကြီးနဲ့ စိမ်းမနေပါဘူးနော်။

Star Light ဟာ အခုဆိုရင် မြစ်ကြီးနားမြို့မှာ ဝယ်ယူသောက်သုံးသူ အခိုင်အမာ ရှိနေပြီပဲ ဖြစ်ပါတယ်။ Star Light ရေသန့်စက်ရုံဟာ မြစ်ကြီးနားမြို့ စက်မှုဇုံရပ်မှာ တည်ရှိပြီး အဝီစိတွင်းထဲကရတဲ့ရေကိုခေတ်မီ Reverse Osmosis နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့အတွက် ဘေးအန္တရာယ် ကင်းရှင်းပြီး အရည်အသွေးမြင့် စစ်ထုတ်ကိရိယာတွေနဲ့ ရေသန့်စင်တဲ့ အဆင့် ၅ ဆင့်ကနေ ၆ ဆင့်အထိ ပြုလုပ်ပြီး အဆိပ်သင့်ပစ္စည်း၊ ကလိုရင်း၊ အိုင်ရွန်း၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နဲ့ လေးလံတဲ့ သတ္တုဓာတ်တွေကို ၉၉ ရာခိုင်နှုန်းအထိ လျှော့ချပေးထားတယ်လို့ သိရပါတယ်။

အရည်အသွေးမြင့် Ozone စက်ကြောင့် ရေသန့်ထုတ်ပြီးတာနဲ့ အချိန်မရွေး ဖောက်ယူသောက်သုံးနိုင်တယ်လို့လည်း သိရပါတယ်။ Star Light ရေသန့်စက်ရုံဟာ အရည်အသွေးလုံး၀ ယုံကြည်စိတ်ချရပါတယ်။

ရေသန့်ဆိုတိုင်းလည်း အရည်အသွေးမပြည့်မီတဲ့ ရေသန့်တွေ ဒုနဲ့ဒေး နေရာအနှံ့မှာ ရှိနေတာမဟုတ်လား။ အရည်အသွေးပြည့်မီတဲ့ Star Light သောက်ရေသန့်ကတော့ သင့်ကျန်းမာရေးကို အထောက်အကူ ပြုမှာပါ။

ဝေဝေ

# တိုင်းနှင့် ပြည်နယ် ကာယဗလပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဆု ၇ ခု ဆွတ်ခူး




မြစ်ကြီးနား၊ နိုဝင်ဘာ ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ၄၅ ကြိမ်မြောက် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို နေပြည်တော်၌ နိုဝင်ဘာလ ၁၀ ရက်နေ့က ကျင်းပခဲ့ရာ ကချင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်သည့် လက်ရွေးစင်အဖွဲ့က ဆု ၇ ဆုရရှိခဲ့ကြောင်း သိရသည်။

သွားရောက်ယှဉ်ပြိုင်သည့် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦးအနက် ၇၅ ကီလိုတန်းမှဇော်တောင်ကပထမဆုနှင့်တံခွန်စိုက်ဆု၊ ၆၅ ကီလိုတန်းမှ ဂျဝါနော်က ဒုတိယ၊ စိုင်းသက်နောင်ဦး Man Physique နှင့် ၇၅ ကီလိုအထက် တန်းမှ ဇော်အောင်က ပဉ္စမ၊ အရပ်အမြင့် ၁၆၀ စင်တီမီတာအထက်မှသင်းညွန့်ထွန်း Model Physique က တတိယနှင့် ၁၆၀ စင်တီမီတာအောက်တွင် ချိုချိုတင့်က ပဉ္စမဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

ပထမဆုအဖြစ် ရွှေတံဆိပ်နှင့် ငွေသားကျပ်တစ်သိန်းခွဲ၊ တံခွန်စိုက်ဆုငွေသား ၂သိန်းကျပ်၊ ဒုတိယဆု ငွေတံဆိပ်၊ တတိယဆု ကြေးတံဆိပ်၊ စတုတ္ထနှင့်ပဥ္စမဆုများကို ငွေသားကျပ်ငါးသောင်းတို့ ချီးမြှင့်ခဲ့ပြီးတိုင်းနှင့်ပြည်နယ်အလိုက်တွင် ကချင်ပြည်နယ်မှ တံခွန်စိုက်တတိယဆုကိုပါ ထပ်မံရရှိခဲ့ကြောင်း သိရသည်။

ပထမဆုရရှိခဲ့သော ၇၅ ကီလိုတန်းမှ လထော်ဇော်တောင်သည် ထိုဆုအပြင် ကီလို ၆၀၊ ၆၅ ကီလို၊ ကီလို ၇၀၊ ၇၅ ကီလို၊ ၇၅ ကီလိုအထက် ဝိတ်တန်းပေါင်းစုံမှ ပထမဆုရှင်များဆက်လက် ယှဉ်ပြိုင်ရာတွင်လည်း ပထမဆု ထပ်မံရရှိကာ တံခွန်စိုက်ဆု ငွေသားကျပ်နှစ်သိန်းကို ထပ်မံဆွတ်ခူးနိုင်ခဲ့ကြောင်းလည်း သိရသည်။

၎င်းကို လာမည့်နှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် ပဏာမလျာထား ရွေးချယ်ခံရကြောင်း လထော်ဇော်တောင်က မြစ်ကြီးနားသတင်းဂျာနယ် သို့ ပြောသည်။

"ကျွန်တော့်လို ကျေးလက်ကနေ သွားရောက်ယှဉ်ပြိုင်တဲ့အတွက် စိတ်ထဲမှာ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် လိုအပ်ချက်ရှိနေသလို အမြဲခံစားရပါတယ်။ အရာရာ ဘုရားသခင်က ဆောင်မ'ပေးတဲ့အတွက် ကျွန်တော် မမျှော်လင့်ဘဲနဲ့ ဒီလိုဆုတွေကိုလက်ခံရရှိတဲ့အတွက် ကျွန်တော်အတိုင်းမသိဝမ်းသာပါတယ်"ဟု ၎င်းက ပြောသည်။

တိုင်းနှင့်ပြည်နယ်အလိုက် တံခွန်စိုက်ဆုကို အဆင့်တစ်မှ ငါးအတွင်းသာ ရရှိမည်ဟု မျှော်မှန်းခဲ့သော်လည်း ထင်မှတ်မထားဘဲ ယခုကဲ့သို့ တတိယဆု ရယူပြီး ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် ပြည်နယ်အားကစား နှင့် ကာယပညာ ဦးစီးဌာနကလည်း ဂုဏ်ယူပါကြောင်း ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

"ဆုရရှိတဲ့အပေါ်မှာတော့ အများကြီး ပျော်တာပေါ့။ ကချင်ပြည်နယ်အနေနဲ့ တံခွန်စိုက်တတိယ ရမယ်လို့တော့ တကယ်ကိုမထင်ထားတာ။ ဆုအနေနဲ့ Color ဝင်မယ်လို့ပဲ ထင်ထားတာပေါ့နော်။ အဲ့လိုဆိုတော့ အရမ်းဝမ်းသာပါတယ်"ဟု ဒေါ်ဖြိုးဖြိုးမောင်ကပြောသည်။

၄၅ ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလ/ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုကြီးအဖြစ် မန္တလေးတိုင်းက ပထမ၊ ရန်ကုန်တိုင်းက ဒုတိယရရှိခဲ့ကြောင်း သိရသည်။

Benadeth